# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္လာနေ့။ Monday, 27 December 2021 ၁၀၆၀၀


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သုဝဏ္ဏဘောလုံးအားကစားကွင်းအတွင်းရှိ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးခန်းမကို ကြည့်ရှုစစ်ဆေးစဉ်။

## ရိုးရာအားကစားနည်းများ၏ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတကာအားကစားပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး ဆက်လက်လုပ်ဆောင်

### အားကစားမြှင့်တင်ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏စိတ်ဓာတ်ကို ပြုပြင်ပေးခြင်းဖြစ်သဖြင့် နောင်လာမည့်ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစား တစ်ခေတ်ဆန်းလာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယ ဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ အားကစားရုံအတွင်းရှိ အစည်းအဝေးခန်းမ၌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားအားကစားရုံ(၁) သုဝဏ္ဏ သမိုင်းအကျဉ်း၊ အမျိုးသားအားကစားရုံ(၁)၌ ကျင်းပခဲ့သည့်နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများ၊ ပြည်တွင်းအဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတော်အဆင့် အခမ်းအနားများ ကျင်းပခဲ့မှုအခြေအနေ၊ အမျိုးသားအားကစားပြိုင်ပွဲရုံအား အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည့် အခြေအနေများကို power point များ၊ video clip များဖြင့် ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**


**မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်ခိုင်မြဲဖို့ တိုင်းရင်းသားသွေးချင်းတို့ စည်းလုံးကြပါစို့** စာမျက်နှာ » ၆

**ဗီဇပြောင်း အိုမီခရွန် ဗိုင်းရပ်စ် အန္တရာယ် သတိပြုကာကွယ်** စာမျက်နှာ » ၁၀



**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၄၆ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၂၂

ကြေးမုံ

## အားလုံးပါဝင်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖော်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ အမျိုးသားခေါင်းဆောင်ကြီးများ လမ်းညွှန်ပေးခဲ့သည့်၊ ပြည်သူများလိုလားသည့်၊ နိုင်ငံတကာလက်ခံသည့် ဒီမိုကရေစီနိုင်ငံရေးစနစ်ကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကျင့်သုံးခဲ့သည်။ ဒီမိုကရေစီစနစ်တွင် အများဆန္ဒကိုဦးစားပေးသော လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲစနစ်ကို အကောင်အထည်ဖော်ပြီး နိုင်ငံနှင့်ပြည်သူ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဖော်ဆောင်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃) ရပ်ဖြင့် ထိန်းညှိဆောင်ရွက်ကြသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့သည်။ ဆိုရှယ်လစ်ခေတ်တွင် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့ရာ ပြည်သူများ လက်မခံဘဲ ၁၉၈၈ ခုနှစ်တွင် ရပ်ဆိုင်းသွားသည်။ ထို့နောက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ သုံးကြိမ်ကျင်းပခဲ့သည့်အပြင် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တွင် ကြားဖြတ်ရွေးကောက်ပွဲ နှစ်ကြိမ်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံတွင် နိုင်ငံနှင့်ပြည်သူအတွက် ရွေးကောက်ပွဲများကျင်းပခဲ့သော်လည်း လိုရာခရီးပန်းတိုင်သို့ ချောမောစွာမရောက်ရှိသေးသည်ကို တွေ့ရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင် တရားမျှတမှုနှင့် ပြည်သူအားလုံး၏ဆန္ဒနှင့် လိုက်လျောညီထွေမရှိလျှင် မျှော်မှန်းထားသောပန်းတိုင်နှင့် အလှမ်းဝေးနေမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ယူစနစ်ကျင့်သုံးခဲ့ရာ တရားမျှတခြင်းမရှိမှု၊ ပြဿနာဖြစ်မှု၊ မရိုးသားမှုများလည်းရှိခဲ့သည်။ ထို့ကြောင့် ပြောင်းလဲလာသောအခြေအနေအရ မြန်မာနိုင်ငံ၏လူမှုဘဝနှင့် ဆီလျော်ကိုက်ညီမည့်ရွေးကောက်ပွဲစနစ်မျိုး ပြောင်းလဲကျင့်သုံးရန်လိုအပ်လာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ၊ စိတ်ဝင်စားသူများ လေးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပြီး အချိုးကျကိုယ်စားပြုစနစ်ကို ပြောင်းလဲကျင့်သုံးရန် ရည်မှန်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီအမြောက်အမြားရှိရာ အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်သည် နိုင်ငံရေးပါတီအားလုံးနှင့်သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည်ကိုတွေ့ရသည်။ ကမ္ဘာပေါ်ရှိနိုင်ငံများတွင်လည်း အချိုးကျကိုယ်စားပြုစနစ်ဖြင့် လွှတ်တော်ရွေးကောက်ပွဲများကျင်းပသည့် နိုင်ငံပေါင်း ၁၁၁ နိုင်ငံ ရှိနေသည်ကိုတွေ့ရသည်။ အဆိုပါနိုင်ငံများ၏ နိုင်ငံရေးစနစ်မှာ တည်ငြိမ်နေသည်ကို တွေ့ရသည်။ ပြုလုပ်ခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ပါတီတစ်ခုတည်းကသာ ရွေးကောက်ပွဲတွင် အနိုင်ရလိုပြီး နိုင်ငံ့အာဏာရရှိရေးအတွက် ရှေ့တန်းတင်လာခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် မဖြစ်သင့်မဖြစ်ထိုက်သောပြုလုပ်မှုများ၊ နိုင်ငံအတွက် နိုင်ငံရေးအရ သင်ခန်းစာယူစရာအဖြစ်များ တွေ့ရှိလာခဲ့သည်။

မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၌ ဒီမိုကရေစီအသွင်ကူးပြောင်းလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်သာရှိသေးသည်။ ဒီမိုကရေစီ တစ်ပါတီအနိုင်ရမှုကို အကြောင်းပြု၍ ရှုထောင့်အမျိုးမျိုးမှ ဝင်ရောက်ခြယ်လှယ်လွှမ်းမိုးချုပ်ကိုင်ရန် ဆောင်ရွက်မှုများရှိလာသည်။ ဒီမိုကရေစီစနစ်၏ အနှစ်သာရဖြစ်သည့် မတူကွဲပြားသူများနှင့်အတူ လက်တွဲဆောင်ရွက်ခြင်းမရှိဘဲ တစ်ပါတီအာဏာရရှိရေးကို မရိုးမသားဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၀ ရွေးကောက်ပွဲကို ဖျက်သိမ်းရသည်အထိ သင်ခန်းစာယူဖွယ်ဖြစ်ခဲ့သည်။ ပြောင်းလဲလာသော ပထဝီဝင်နိုင်ငံရေး၏အရေးပါမှုအရ အင်အားကြီးနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုများကိုလည်း သတိပြုရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကိုကျင့်သုံးရာတွင် အများဆန္ဒဖြင့် ဆောင်ရွက်ရသော်လည်း အခြေခံအကျဆုံးဖြစ်သည့် အနည်းစုဆန္ဒကိုလည်း အလေးထားခြင်း၊ တရားဥပဒေကို စောင့်ထိန်းလိုက်နာကျင့်သုံးခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ အမှန်တရားကို လက်ခံပြီး ဖြောင့်မတ်တည်ကြည်ခြင်း စသည်တို့ကိုလိုက်နာရမည်ဖြစ်သည်။ ထို့ကြောင့် ပါတီနိုင်ငံရေးကို ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အလေးထားဆောင်ရွက်ကြရန်၊ တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်ကြရန်နှင့် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ဆီလျော်ကိုက်ညီသည့် ရွေးကောက်ပွဲစနစ်မျိုးကို ဖော်ဆောင်နိုင်ရန် အရေးကြီးသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ လူမှုဘဝအခြေအနေများနှင့် ပထဝီဝင်နိုင်ငံရေးအခြေအနေများအရ မဲအများဆုံးရသူအနိုင်ယူစနစ်၏ သင်ခန်းစာယူစရာများကို တွေ့ရှိရပြီးဖြစ်ရာ အားလုံးပါဝင်ဆောင်ရွက်နိုင်သော ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုသည့်ရွေးကောက်ပွဲစနစ်ကို စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄) ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)၏ သက်ကြီးသတင်းစာဆရာများအား ဂါရဝပြုကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၂၆**



မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူးကျင်းပသော ပထမအကြိမ် သက်ကြီးသတင်းစာဆရာများအား ဂါရဝပြုကန်တော့ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြီးငါးကြီးဘုရား၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဒေါက်တာဖော်သန်းက မင်္ဂလာစကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများကသက်ကြီးသတင်းစာဆရာများအား ကန်တော့ခံပစ္စည်းများဖြင့် ဂါရဝပြုကန်တော့ကြပြီး ကန်တော့ခံ သက်ကြီး သတင်းစာဆရာများကိုယ်စား မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ဂုဏ်ထူးဆောင် နာယက ဦးယဉ်ကျော်က ဩဝါဒစကားပြောကြားကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အခမ်းအနားသို့ မတက်ရောက်နိုင်သည့် သက်ကြီး သတင်းစာ ဆရာများအား သွားရောက်ကန်တော့ကြမည်ဖြစ်သည်။ အဆိုပါအခမ်းအနားကိုကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသောစည်းကမ်းနှင့်အညီ ကျင်းပခြင်းဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ**
**အာကာလင်း**

## ညောင်တုန်းမြို့နယ်၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ညောင်တုန်း ဒီဇင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။



ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများ ဉာဏ်ပညာဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်အိအိမွန် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



# စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့ည ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှင်းလင်းတင်ပြစဉ်။

○ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုအားကစားရုံကြီးသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆောက်လုပ်ခဲ့သည့် အဆင့်မြင့်အားကစားရုံတစ်ခုဖြစ်ပြီး ယနေ့အထိတိုင်လည်း အဆင့်မြင့်အားကစားရုံအဖြစ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ပေးခဲ့ပြီး ယနေ့တိုင် ထိန်းသိမ်းပြုပြင်ရေးနှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည့် တရုတ်နိုင်ငံကိုလည်း ကျေးဇူးတင်ရှိပါကြောင်းနှင့် ခေတ်မီအားကစားရုံကြီးဖြစ်စေရေး စဉ်ဆက်မပြတ် ပြုပြင်မွမ်းမံထိန်းသိမ်းနေရမည်ဖြစ်ကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့ နိုင်ငံ၏ အားကစားကဏ္ဍအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်ကို တွေ့ရှိရပြီး အဆင့်အတန်းတစ်ခုသို့ ရောက်ရှိနိုင်ရေး အခြေခံကျကျ စဉ်းစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားကစားကဏ္ဍ တိုးတက်ရေးသည် ချက်ချင်းဆောင်ရွက်၍မရဘဲ အဆင့်ဆင့် ပြန်လည်ပြင်ဆင်၍ စနစ်တကျလုပ်ဆောင်သွားရမည်ဖြစ်ကာ နောင်လာမည့် ဆယ်စုနှစ်တစ်ခုအတွင်း ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်" ဟူသည်မှာ မြန်မာ့အားကစား လုပ်ဆောင်မှုများသည် ကမ္ဘာတစ်ဝန်းကိုလွှမ်းမိုးနေရမည်ဟု မဆိုလိုဘဲ မြန်မာတို့၏ ရိုးရာအားကစားနည်းများကို ကမ္ဘာက သိရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ပြီး ရိုးရာအားကစားနည်းများ၏ အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတကာအားကစားပွဲများတွင် ထည့်သွင်းယှဉ်ပြိုင်နိုင်ရေးတို့အတွက်လည်း ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

### ဖြည့်ဆည်းပေးရမည်

အားကစားသည် လူငယ်ကို အခြေခံသည်ဖြစ်သဖြင့် ကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားပွဲများ ကျင်းပပေးရန်နှင့် စာပေသင်ကြားမှုအချိန်ဇယားတွင် အားကစားနှင့် ကာယလှုပ်ရှားမှုကို အချိန်သတ်မှတ်ထည့်သွင်းဆောင်ရွက်ရန်နှင့် အမှန်တကယ် လုပ်ဆောင်နိုင်စေရေးအတွက်လည်း ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်အလိုက်၊ အတန်းအလိုက် အားကစားပွဲများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် အားကစားပွဲများမှတစ်ဆင့် အရည်အချင်းရှိသည့် အားကစားသမားများကို စိစစ်ရွေးချယ်ဖော်ထုတ်ပြီး မြေတောင်မြှောက်ပေးရမည်ဖြစ်ကြောင်း။

အားကစားသမားများအတွက် လေ့ကျင့်ရန်နှင့် ပြိုင်ပွဲများ ပြုလုပ်နိုင်ရန် အဆင့်မီသည့် အားကစားရုံများ၊ လေ့ကျင့်ရေးကွင်းများ၊ လေ့ကျင့်ရေး အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အားကစားသမားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ နည်းစနစ်ပိုင်းကျွမ်းကျင်မှုတို့အတွက်လည်း စဉ်းစားဆောင်ရွက်ရမည်ဖြစ်ပြီး အားကစားသမားများ စိစစ်ရွေးချယ်ရာ၌ သက်ဆိုင်ရာ အားကစားတစ်ခုချင်းအလိုက် ပင်ကိုအရည်အသွေးကောင်းမွန်မှုအပြင် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ထွားမှု၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုတို့ကိုလည်း ထည့်သွင်းစိစစ်ရွေးချယ်ကြရန်လိုကြောင်း၊ အားကစားကွင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်အဆင့်အထိ မိုးလုံလေလုံအားကစားကွင်း၊ ရေကူးကန်၊ မီတာ ၄၀၀ ပြေးလမ်းပါဘောလုံးကွင်း၊ ပွဲကြည့်စင်တို့ မဖြစ်မနေရှိရမည်ဖြစ်ပြီး အားကစားလုပ်ဆောင်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ထိုသို့ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့နိုင်ငံ့လက်ရွေးစင်အားကစားသမားများအနေဖြင့်လည်း သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိရန်၊ စိတ်ပါဝင်စားစွာဖြင့် တန်ဖိုးထားဂုဏ်ယူစွာ ယှဉ်ပြိုင်ကစားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ **စာမျက်နှာ ၄ သို့ »»**


- ❖ **အားကစားဆောင်ရွက်ခြင်းသည် မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို ရှင်သန်ထက်မြက်စေပြီး တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုလည်း ဖြစ်ပေါ်စေနိုင်သောကြောင့် အားကစားနှင့်ပတ်သက်ပါက အားပေးဆောင်ရွက်ရမည်**
- ❖ **အားကစားသည် လူငယ်ကို အခြေခံသည်ဖြစ်သဖြင့် ကျောင်းများ၊ တက္ကသိုလ်များတွင် အားကစားပွဲများ ကျင်းပပြုလုပ်ပေးရန်နှင့် စာပေသင်ကြားမှုအချိန်ဇယားတွင် အားကစားနှင့် ကာယလှုပ်ရှားမှုကို အချိန်သတ်မှတ်ထည့်သွင်းဆောင်ရွက်ရန်နှင့် အမှန်တကယ်လုပ်ဆောင်နိုင်စေရေးအတွက်လည်း ဖြည့်ဆည်းပေးရမည်**
- ❖ **အသက်အရွယ်အလိုက်၊ အတန်းအလိုက် အားကစားပွဲများ၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီးအဆင့် အားကစားပွဲများမှတစ်ဆင့် အရည်အချင်းရှိသည့် အားကစားသမားများကို စိစစ်ရွေးချယ်ဖော်ထုတ်ပြီး မြေတောင်မြှောက်ပေးရမည်**

»»» စာမျက်နှာ ၃ မှ

နိုင်ငံ့လက်ရွေးစင်အားကစားသမားများ၏ ဘဝအာမခံချက်ရှိစေရေးအတွက်လည်း လုပ်ဆောင်ပေးရမည်ဖြစ်သည့် ထိုက်သင့်သည့် ချီးမြှင့်ငွေများ၊ ရပိုင်ခွင့်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ အားကစားနှင့်သက်ဆိုင်သည့် လုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များကိုလည်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်ရေး Public Sport Area များ၊ အထောက်အကူပြုပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိပြီး အားကစားမှုုများနှင့် ညှိနှိုင်း၍ နေရာဒေသအလိုက် အားကစားပွဲများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ဒေသအသီးသီးရှိ နိုင်ငံတော်အဆင့်ကစားပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကိုလည်း လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဖြည့်ဆည်းပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားမြှင့်တင် ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းနှင့် လူငယ်များ၏စိတ်ဓာတ်(Mind Set)ကိုပြုပြင်ပေးခြင်းပင်ဖြစ်သဖြင့် နောင်လာမည့်ဆယ်စုနှစ်အတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး မြန်မာ့အားကစားတစ်ခေတ်ဆန်းလာစေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ အားကစားရုံအတွင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားရုံအတွင်း ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု အခြေအနေများနှင့် သုဝဏ္ဏအားကစားကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား သုဝဏ္ဏဘောလုံးအားကစားကွင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် ရှင်းလင်းတင်ပြစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် သုဝဏ္ဏဘောလုံးအားကစားကွင်းသို့ရောက်ရှိရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က သုဝဏ္ဏဘောလုံးအားကစားကွင်း သမိုင်းအကျဉ်းနှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှု၊ လေ့ကျင့်ရေးကွင်းများ ထပ်မံတည်ဆောက်ထားရှိမှု၊ မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲများ လက်ခံကျင်းပခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဘောလုံးအားကစားသည် ကမ္ဘာတွင်ထင်ရှားပြီး ပရိသတ်အများအပြား အားပေးသည့် အားကစားတစ်ခုဖြစ်သည့်အပြင် နိုင်ငံ၏ အားကစားအဆင့်အတန်းကိုလည်း အလွယ်တကူတွေ့မြင်နိုင်သည်ဖြစ်သဖြင့် အချိန်ယူလေ့ကျင့်ရန် လိုအပ်မည်ဖြစ်ကာ ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး မျိုးဆက်သစ်ဘောလုံး အားကစားသမားများ ပေါ်ထွက်လာစေရေး ငယ်ရွယ်စဉ်ကတည်းကပင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခု သုဝဏ္ဏဘောလုံး အားကစားကွင်းတွင် ဘောလုံးအားကစားတစ်ခုတည်းအတွက်သာမက ပြေးခုန်ပစ်နှင့် အခြားအားကစားနည်းများကိုပါ လေ့ကျင့်ခြင်းနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် အကျိုးရှိစွာဖြင့် လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘောလုံးအားကစားကွင်းအတွင်းရှိ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ ဘောလုံးအားကစားသည် ကမ္ဘာတွင်ထင်ရှားပြီး ပရိသတ်အများအပြား အားပေးသည့် အားကစားတစ်ခုဖြစ်သည့်အပြင် နိုင်ငံ၏ အားကစားအဆင့်အတန်းကိုလည်း အလွယ်တကူတွေ့မြင်နိုင်သည်ဖြစ်သဖြင့် အချိန်ယူလေ့ကျင့်ရန် လိုအပ်မည်ဖြစ်ကာ ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ရန် လိုအပ်
- ❖ ထိုသို့ လုပ်ဆောင်ရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပြီး မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရေး ငယ်ရွယ်စဉ်ကတည်းကပင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးရန် လိုအပ်
- ❖ ယခုသုဝဏ္ဏဘောလုံး အားကစားကွင်းတွင် ဘောလုံးအားကစားတစ်ခုတည်းအတွက်သာမက ပြေးခုန်ပစ်နှင့် အခြားအားကစားနည်းများကိုပါ လေ့ကျင့်ခြင်းနှင့် ပြိုင်ပွဲများယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သဖြင့် အကျိုးရှိစွာဖြင့် လေ့ကျင့်ဆောင်ရွက်ကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေး

## ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်း နည်းပါး

မိမိတို့နိုင်ငံတွင် အိုမီခရွန် ကိုဗစ်ဗီဇပြောင်းရောဂါပိုးများ ကူးစက်မှုမရှိသေးသော်လည်း အိမ်နီးချင်းနိုင်ငံအချို့နှင့် ဒေသတွင်း နိုင်ငံအချို့တွင် ကူးစက်မှုများရှိနေသဖြင့် နိုင်ငံအတွင်း ကူးစက်မှုမရှိစေရေး သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိခိုက်မှုနှုန်း နည်းပါးသည်ဟု သိရှိရကြောင်း၊ ရောဂါကူးစက်မှုများပြားလာပါက အဆင်သင့်ကုသနိုင်ရေး ဆေးရုံ၊ ဆေးခန်းများကိုလည်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**ရွေးကောက်ပွဲနယ်မြေများကျယ်ကျယ်ပြန့်ပြန့်သတ်မှတ်ပြီး မဲဆန္ဒရှင်များ၏ဆန္ဒနှင့်အညီ အချိုးကျလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးခြင်းဖြင့် အရည်အချင်းရှိသည့်လွှတ်တော်ကိုယ်စားလှယ်များရရှိကာ ပေါင်းစပ်ညှိနှိုင်းမှုပိုမိုအားကောင်းပြီး နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုရှိသည့် ပါတီစုံဒီမိုကရေစီစနစ် ဖွံ့ဖြိုးလာမှာဖြစ်**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာဆွေးနွေးပွဲ တတိယနေ့တွင် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၆

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ရွေးကောက်ပွဲစနစ်ဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့ အစီအစဉ်ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မင်္ဂလာခန်းမတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

### ဖတ်ကြားတင်ပြ

အခမ်းအနားတွင် နိုင်ငံရေးပါတီ အစုအဖွဲ့ (၆)ဖွဲ့၏ ဒီဇင်ဘာ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် နှစ်ရက်တာဆွေးနွေးချက်များအရ ရွေးကောက်ပွဲစနစ် ပြောင်းလဲကျင့်သုံးရေးအတွက် အချိုးကျကိုယ်စားပြုစနစ် (PR) နှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲ ဒီဇိုင်းစာတမ်းများကို အစုအဖွဲ့ (၆)ဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးစီက ဖတ်ကြားတင်ပြသည်။

ပြည်သူ့လွှတ်တော်အတွက် အဖွဲ့(၁) မှ ပြုစုထားသောစာတမ်းကို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးထွန်းရီက ကိုယ်စားပြုဆွေးနွေးဖတ်ကြားတင်ပြရာတွင် မဲဆန္ဒရှင်များအတွက်နှင့် မဲရေတွက်သူများအတွက်ပါ အခက်အခဲအနည်းဆုံးဖြစ်မည့် “စာရင်းပိတ်စနစ် (Closed List PR)” ကို ကျင့်သုံးသင့်ကြောင်း၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေများ သတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့် လူဦးရေအပေါ်အခြေမခံဘဲ မြို့နယ်ကို အခြေခံတွက်ချက်ခြင်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ယခင်ကရရှိခဲ့သည့် ကိုယ်စားလှယ်ဦးရေများအတိုင်း ခွဲဝေသတ်မှတ်သင့်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ရရှိသည့် ကိုယ်စားလှယ်ဦးရေအပေါ် မူတည်၍ မဲဆန္ဒနယ်မြေများ သတ်မှတ်ရာ၌မူ တတ်နိုင်သမျှ လူဦးရေအချိုးအစား ညီမျှရေးကို ထည့်သွင်းစဉ်းစားဆောင်ရွက်သင့်ပါကြောင်း။

ပါတီများအတွက် အနိမ့်ဆုံးဝင်ပေါက်အချိုးစံ (Threshold) သတ်မှတ်ရာတွင် မြင့်လွန်းခြင်းနှင့် နိမ့်လွန်းခြင်း အစွန်းတရားများကိုရှောင်ရှားပြီး ထောက်ခံမဲအပေါ်မူတည်၍ ကိုယ်စားလှယ်သတ်မှတ်ရာတွင် တစ်နိုင်ငံလုံးအပေါ် လွှမ်းခြုံတွက်ချက်ခြင်းမဟုတ်ဘဲ မဲဆန္ဒနယ်တစ်ခုချင်းအလိုက် ဆောင်ရွက်သင့်ပါကြောင်း၊ မဲရေတွက်ပုံနည်းလမ်းအဖြစ် (Closed List PR) တွက်ချက်မှုစနစ်ဖြစ်သည့် အများဆုံးအကြွင်းကိန်းနည်းကို လက်ခံကျင့်သုံးသင့်ပါကြောင်း၊ ရွေးကောက်ပွဲစနစ်ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းများတွင် နိုင်ငံရေးပါတီများအနေဖြင့် ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးအတွက် နည်းလမ်းများရှာကြံ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ပြည်သူ့လွှတ်တော်အတွက် အဖွဲ့(၂) မှ ပြုစုထားသောစာတမ်းကို ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဦးတင်ဆွေက ကိုယ်စားပြုဆွေးနွေးဖတ်ကြားတင်ပြရာတွင် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲကို အချိုးကျကိုယ်စားပြုစနစ် (PR System) ဖြင့် ကျင်းပခြင်းကို တက်ရောက်လာသော ပါတီများအားလုံးက သဘောတူပါကြောင်း၊ Closed List ဖြင့် ကျင်းပမည်ကို သဘောတူပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁(ဃ)တွင် “မြို့နယ်များကို ခရိုင်အဖြစ် စုစည်းသည်” ဟု ပြဋ္ဌာန်းချက်အတိုင်း ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မြေသတ်မှတ်ရာတွင် မြို့နယ်များကို ခရိုင်အဖြစ် စုစည်း၍ မဲဆန္ဒနယ်သတ်မှတ်ခြင်းကို သဘောတူကြကြောင်း။

### ဆွေးနွေးတင်ပြ

မဲရုံတိုင်းတွင် မဲဆန္ဒရှင်ပြည်သူများမှ ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ပါတီကို မဲပေးနိုင်ရန်အလို့ငှာ၊ မဲရုံအဝတွင် ဗီနိုင်း၊ ပိုစတာများဖြင့် ပါတီ၏အမည်အောက်တွင် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့်အမည်ကို ဖော်ပြပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မဲဆန္ဒရှင်သည် ၎င်းကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို မျက်မြင်ကြည့်ရှု၍ လွယ်ကူစွာဖြင့် ၎င်းကိုယ်စားလှယ်လောင်း၏ပါတီအား မဲပေးနိုင်မည်ဖြစ်ပြီး မဲဆန္ဒရှင်များ၏ ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်လောင်းကို ရွေးချယ်နိုင်ရန်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

အမျိုးသားလွှတ်တော်အတွက် အဖွဲ့ ( ၃ ) မှ ပြုစုထားသောစာတမ်းကို လူထုပါတီမှ ဦးပါစီပြည်ဟိန်းက ကိုယ်စားပြုဆွေးနွေး ဖတ်ကြားတင်ပြရာတွင် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင်းပရမည့် လွှတ်တော်သုံးရပ် ရွေးကောက်ပွဲများတွင် “စာရင်းပိတ် အချိုးကျကိုယ်စားပြုစနစ်” (Closed List – PR) ကို ကျင့်သုံးရန် အသင့်မြတ်ဆုံးဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံပေါင်း ၁၀၀ ကျော်တွင်လည်း အချိုးကျကိုယ်စားပြုစနစ်ကို တွင်ကျယ်စွာ ကျင့်သုံးနေပြီဖြစ်ပါကြောင်း၊ မဲဆန္ဒနယ်များသတ်မှတ်ရာ၌ ခရိုင်များကို အခြေပြုသတ်မှတ်ခြင်းသည် အချိုးကျကိုယ်စားပြုရွေးကောက်ပွဲစနစ်အတွက် သင့်တင့်လျောက်ပတ်သော အရွယ်အစား (Suitable Size) ဖြစ်သည်ဟု အခိုင်အမာ ယူဆပါသဖြင့် ထိုသို့ သတ်မှတ်ပေးရန် ဖြစ်ပါကြောင်း။

ရွေးကောက်ခံကိုယ်စားလှယ်တစ်ဦး အနည်းဆုံးရရှိရမည့် ခိုင်လုံမဲအရေအတွက် ပမာဏကို ကြိုတင်သတ်မှတ်ထားပြီး ထိုသတ်မှတ်ချက်အရ ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အရေအတွက် ပြည့်မီခြင်းမရှိသေးပါက လိုအပ်နေသေးသည့် ကိုယ်စားလှယ်အရေအတွက် ပေါ်ပေါက်နေလျှင် ထိုပေါ်ပေါက်ချက်အား ပိုလျှံမဲ (သို့မဟုတ်) အကြွင်းကျန်မဲ အများဆုံးရရှိသည့်ပါတီ (တစ်သီးပုဂ္ဂလအပါအဝင်) ကို အများဆုံးကြွင်းကျန်မဲ တွက်ချက်မှု ဖော်မြူလာဖြင့် တွက်ချက်ရရှိသည့် ကိုယ်စားလှယ်ကို ထပ်တိုးကိုယ်စားလှယ်အဖြစ် ပေါင်းစပ်ထည့်သွင်းပေးခြင်း နည်းစနစ် ကျင့်သုံးရန်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

### အချိုးကျကိုယ်စားပြုစနစ် သဘောတူ

အမျိုးသားလွှတ်တော်အတွက် အဖွဲ့ ( ၄ ) မှ ပြုစုထားသောစာတမ်းကို ပြည်သူ့ရှေ့ဆောင်ပါတီမှ ဒေါက်တာမျိုးဆက်သွေးက ကိုယ်စားပြုဆွေးနွေး ဖတ်ကြားတင်ပြရာတွင် အချိုးကျကိုယ်စားပြုစနစ် (PR System) ကျင့်သုံးရေးအတွက် သဘောတူပါကြောင်း၊ Closed List – PR System ကို စတင်အသုံးပြုသင့်ပြီး မဲဆန္ဒရှင်ပြည်သူများ၏ ပညာတတ်မြောက်မှုနှင့် နိုင်ငံရေးရေချိန် မြင့်တက်လာမှု အခြေအနေတစ်ရပ်သို့ ရောက်ရှိချိန်မှသာလျှင် Open List – PR System သို့မဟုတ် အခြား PR System Design များကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသများအတွက် လွှတ်တော် ကိုယ်စားလှယ်များကိုမူ မဲအများဆုံးရသူ အနိုင်ရသည့်စနစ် (FPTP) ဖြင့်သာ ကျင့်သုံးသင့်ကြောင်း။

စာမျက်နှာ ၈ သို့ ❖

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# မြန်မာ့လွတ်လပ်ရေး အဓွန့်ရှည်ခိုင်မြဲဖို့ တိုင်းရင်းသားသွေးချင်းတို့ စည်းလုံးကြပါစို့

**ထွေးကိုထွန်း**

လွတ်လပ်ရေးနေ့ဆိုသည်ကား နိုင်ငံတစ်နိုင်ငံ၏ ကိုယ့်မင်းကိုယ့်ချင်းဖြင့် အချုပ်အခြာအာဏာကို မိမိတို့တိုင်းရင်းသားပြည်သူများက ပိုင်ဆိုင်သော နိုင်ငံတော်အဖြစ် စတင်ထူထောင်ခွင့်ရသောနေ့ပင်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်သို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရာမှ ပြန်လည်လွတ်မြောက်လာသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ လွတ်လပ်ရေးနေ့အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၄) နှစ်ရှိပြီဖြစ်သည်။




## သက်ဦးဆံပိုင်ခေတ်မြန်မာနိုင်ငံနှင့် လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု

ရှေးခေတ် သက်ဦးဆံပိုင်ပဒေသရာဇ်စနစ် မြန်မာမင်းများလက်ထက်ကပင် မြန်မာတိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမတို့က ကိုယ့်ထီးကိုယ့်နန်းဖြင့် လွတ်လပ်သော နိုင်ငံတော်ကြီးများကို တည်ထောင်နိုင်ခဲ့ကြသည်။ ပုဂံခေတ်တွင် အနော်ရထာမင်း(နန်းသက် ၁၀၄၄-၁၀၇၇) လက်ထက်၌ ပုဂံကို မင်းနေပြည်တော်အဖြစ် ထားရှိကာ ပထမမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ တောင်ငူခေတ်၌ ဘုရင့်နောင်မင်း(နန်းသက် ၁၅၅၀-၁၅၈၁) လက်ထက်တွင် ဟံသာဝတီကို မင်းနေပြည်တော်အဖြစ်ထားရှိလျက် ဒုတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီး(နန်းသက် ၁၇၅၂-၁၇၆၀) လက်ထက်တွင် ရွှေဘို၊ မုဆိုးဖိုရွာမှစတင်ကာ ရွှေဘိုကို မင်းနေပြည်တော်အဖြစ်ထားရှိလျက် နောက်ပိုင်းမင်းအဆက်ဆက်တို့၏လက်ထက်တွင် ရတနာပုံမန္တလေးအထိ မင်းနေပြည်တော်ကို ပြောင်းရွှေ့ထားရှိကာ တတိယမြန်မာနိုင်ငံတော်ကြီးကို လည်းကောင်း အသီးသီးတည်ထောင်ခဲ့ကြသည်။

တတိယမြန်မာနိုင်ငံတော်ခေတ် ကုန်းဘောင်မင်းဆက်တွင် ပြည်တွင်းရေးမတည်ငြိမ်မှုများ၊ နယ်ချဲ့အင်္ဂလိပ်တို့၏ ပြည်တွင်းရေးတွင်ဝင်ရောက်သွေးထိုးမှုများနှင့် ကျူးကျော်ရန်စမှုများကြောင့် စစ်ပွဲ သုံးကြိမ် ဖြစ်ပွားအပြီး ၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ယင်းအချိန်မှစ၍ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

## လွတ်လပ်ရေးအတွက် တိုင်းရင်းသားသွေးချင်းတို့ အသက်ပေးကြိုးပမ်းခဲ့

မြန်မာနိုင်ငံအား နယ်ချဲ့တို့ သိမ်းပိုက်နိုင်ခဲ့သော်လည်း သူ့ကျွန်မခံလိုကြသည့် မြန်မာတိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများက မြေပြန့်၊ တောင်တန်းအပါအဝင် နိုင်ငံအနှံ့အပြား၌ နည်းမျိုးစုံဖြင့် ပုန်ကန်တော်လှန်ကာ အမိနိုင်ငံတော် လွတ်လပ်ရေးပြန်လည်ရရှိရေးအတွက် သက်စွန့်ကြိုးပမ်းခဲ့ကြသည်။

ထိုအချိန်က နယ်ချဲ့တို့လက်အောက်ကျရောက်ရခြင်းထက် လွတ်လပ်ရေးအတွက် အသက်စွန့်လွှတ်ရသည်က ပိုမြတ်သည်ဟူသောခံယူချက်ဖြင့် မြန်မာတိုင်းရင်းသားတို့၏ သူ့ကျွန်မခံလိုသည့် ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်ကို ဆီးဘန်နီဆရာတော်ကြီးက အောက်ပါတမ်းချင်းဖြင့် ဖော်ကျူးခဲ့သည်။

**"သေသော်မှတည့် သြော်ကောင်း၏"**
**သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍၊**
**ကုန်းဘောင်နေမီး၊ မထိန်ညီးက၊**
**တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊**
**ထီးသုဉ်းနန်းသုဉ်း၊**
**မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊**
**ကြုံရပြန်လစ်၊ သုညခေတ်ဝယ်၊**
**ဖြစ်လာရလေ၊ တို့တစ်တွေသည်၊**
**သေသော်မှတည့် သြော်ကောင်း၏။ ။**

လွတ်လပ်ရေးကို ပြန်လည်ရယူလိုစိတ်ဖြင့် ဗြိတိသျှတို့ကို ပုန်ကန်တော်လှန်ခဲ့ကြသော နယ်ချဲ့တော်လှန်ရေးအင်အားစုများမှာလည်း ကာလကြာရှည်လာသည်နှင့်အမျှ အင်အားလျော့နည်းလာမှု၊ လက်နက်အင်အားကွာဟမှုတို့ကြောင့် မြေပြန့်ဒေသများကိုစွန့်ခွာကာ တောင်တန်းဒေသများတွင် တိုင်းရင်းသားလူမျိုးစုသွေးချင်းများနှင့် ပူးပေါင်းတွန်းလှန်ခဲ့ကြသည်ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည်။

## မြန်မာတိုင်းရင်းသားတို့ နိုင်ငံရေးအသိစိတ်ဓာတ်များ နိုးထလာ

နှစ်ဆယ်ရာစုအတွင်း ဝင်ရောက်လာချိန်တွင် နိုင်ငံအတွင်းရှိမြို့ကြီးများ၌ ဗုဒ္ဓဘာသာ ကလျာဏမိတ္တအသင်း၊ ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ ပေါ်ပေါက်လာခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်(ဝိုင်အမ်ဘီအေ)ဟူ၍ ဖြစ်ပေါ်လာတော့သည်။ ယင်းတို့မှာ ဘာသာရေးအသင်းများဖြစ်သော်လည်း နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် လက်နက်ကိုင်ပုန်ကန်တိုက်ခိုက်သည့်နည်းဗျူဟာမှ နိုင်ငံရေးတိုက်ပွဲနည်းဗျူဟာသို့ ပြောင်းလဲလာခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာတိုင်းရင်းသားသွေးချင်းတို့ နိုင်ငံရေးအသိစိတ်ဓာတ်များ နိုးထလာခြင်းပင်ဖြစ်သည်။

ထို့နောက် ဂျီစီဘီအေမြန်မာအသင်းချုပ်ကြီး ပေါ်ပေါက်လာပြီး ၁၉၂၀ ပြည့်နှစ်တွင် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်သည့် အမျိုးသားပညာရေးလှုပ်ရှားမှုကြီးဖြစ်ပေါ်လာသည်။ ၁၉၃၀ ပြည့်နှစ်၌ ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးတို့တွင် တိုင်းရင်းသား တောင်သူလယ်သမားများက သွေးစည်းညီညွတ်စွာ နယ်ချဲ့ကိုတော်လှန်ခဲ့ကြသည်။

၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာပြီး ယင်းအစည်းအရုံး၏ဦးဆောင်မှုအောက်တွင် မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေးအုံကြွမှုကြီးဖြစ်သော ရေနံမြေအလုပ်သမားအရေးတော်ပုံကြီး ဖြစ်ပေါ်လာသည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာချိန်တွင် တို့ဗမာအစည်းအရုံးမှ သခင်လူငယ်များသည် ဂျပန်နှင့် အဆက်အသွယ်ရရှိကာ သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့က တောင်တရုတ်ပင်လယ်အတွင်းရှိ ဟိုင်နန်ကျွန်းတွင် စစ်ပညာသင်ယူခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗိုလ်တေဇအမည်ခံ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်ကဦးစီး၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ) ကို ဖွဲ့စည်းခဲ့ကြသည်။ ဘီအိုင်အေ၏ တစ်ခုတည်းသောရည်မှန်းချက်က မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူရန်ဖြစ်သည်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်ရာလမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများမှ တိုင်းရင်းသားသွေးချင်းလူငယ်များက ဘီအိုင်အေသို့ ဝင်ရောက်လာခဲ့ကြသဖြင့် စတင်ဖွဲ့စည်းစဉ်က အင်အားမှာ ရာဂဏန်းသာရှိခဲ့ရာမှ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးချိန်၌ အင်အားလေးသောင်းမျှ ရှိလာခဲ့သည်။ ဘီအိုင်အေသို့ဝင်ရောက်လာကြသူများသည် လစာအခွင့်အရေးတစ်စုံတစ်ရာ မျှော်မှန်း၍မဟုတ်ဘဲ ဆုံးရှုံးခဲ့ရသော အမိနိုင်ငံလွတ်လပ်ရေးကို ပြန်လည်ရယူရန်ဟူသည့် မျိုးချစ်စိတ်တစ်ခုတည်းဖြင့် ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း သမိုင်းမှတ်တမ်းဝင်ခဲ့သည်။

## ဖက်ဆစ်တော်လှန်ရေးနှင့် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးပြန်လည်ရယူ

ဂျပန်တို့၏မူလက တနင်္သာရီကို သိမ်းပိုက်ပြီးသည်နှင့် လွတ်လပ်ရေးကြေညာပေးရန် သဘောတူခဲ့သော်လည်း လက်တွေ့တွင် ဖြစ်မလာခဲ့ပေ။ ၁၉၄၃ ခုနှစ် ဩဂုတ်လ၌ မြန်မာနိုင်ငံအား လွတ်လပ်ရေးကြေညာပေးခဲ့သော်လည်း အတုအယောင် ရွှေရည်စိမ်လွတ်လပ်ရေးသာဖြစ်ခဲ့သည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားသွေးချင်းတို့က စစ်မှန်သည့်နိုင်ငံလွတ်လပ်ရေးကို အရယူလိုသော ပြင်းပြသည့်စိတ်ဓာတ်များ မြင့်မားလာကြသည်။

စာမျက်နှာ ၇ သို့ ✪

> **မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်ဆက်စပ်နေသည့် သမိုင်းကြောင်း အချို့ကို ပြန်လည်ဖော်ဆောင်ခဲ့ခြင်းက အတိတ်ကို အစွဲသန်နေခြင်း မဟုတ်ဘဲ ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် အတိတ်ကို မေ့ပျောက်မနေစေလိုခြင်းကြောင့်သာဖြစ်သည်။ အတိတ်၌ဖြစ်ပေါ်ခဲ့ရသည်များကို သင်ခန်းစာယူကာ မြန်မာ့လွတ်လပ်ရေး အဓွန့်ရှည်စေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းကြိုးစားကြရမည်**

❂ စာမျက်နှာ ၆ မှ

၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဗမာ့လွတ်လပ်ရေး တပ်မတော်ကို အင်အားလျှော့ချကာ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ဂျပန်တို့က ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖက်ဆစ်တော်လှန်ရေးကိုဆင်နွှဲကာ ဂျပန်တို့ကို တိုက်ထုတ်နိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး အင်္ဂလိပ်တို့မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာချိန်တွင် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရတော့မည်ဖြစ်သဖြင့် အင်္ဂလိပ်တို့က တိုင်းရင်းသားသွေးချင်းတို့အား တောင်တန်း၊ မြေပြန့် သွေးခွဲရန်ကြိုးစားခဲ့ကြသေးသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက ရှမ်းပြည်နယ် ပင်လုံမြို့၌ အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးကာ တောင်တန်းနှင့် နေ့ထူးနေ့မြတ်အဖြစ် အထင်ရှားဆုံးတည်ရှိနေတော့သည်။

### အတိတ်ကိုအစွဲမသန်စေလိုသကဲ့သို့ မေ့ပျောက်၍လည်း မထားစေလို

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့်ဆက်စပ်နေသည့် သမိုင်းကြောင်းအချို့ကို ပြန်လည်ဖော်ဆောင်ခဲ့ခြင်းက အတိတ်ကို အစွဲသန်နေခြင်း မဟုတ်ဘဲ ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် အတိတ်ကို မေ့ပျောက်မနေစေလိုခြင်းကြောင့်သာဖြစ်သည်။ အတိတ်၌ဖြစ်ပေါ်ခဲ့ရသည်များကို သင်ခန်းစာယူကာ မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်စေရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများအားလုံး ပူးပေါင်းကြိုးစားကြရမည်ဖြစ်သည်။

လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်း၌ လက်နက်ကိုင်အဖွဲ့ပေါင်းစုံ၏ ပုန်ကန်မှုများနှင့် တစ်ပြိုင်တည်းမှာပင် ပြည်ပကျူးကျော်နှောင့်ယှက်မှု



ဗိုလ်ချုပ်အောင်ဆန်း ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၂) တွင် မိန့်ခွန်း ပြောကြားနေစဉ်။

မြေပြန့် တစ်ပေါင်းတည်းဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် လွတ်လပ်ရေးရယူမည်ဟူသော ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပြီး ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ကြသည်။

ပင်လုံညီလာခံတွင်ချမှတ်ခဲ့သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ကြောင့် နှစ်ပေါင်းတစ်ရာကျော် ဆုံးရှုံးခဲ့ရသော မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နယ်ချဲ့အင်္ဂလိပ်တို့ထံမှ ပြန်လည်ရရှိခဲ့ခြင်းဖြစ်ရာ မြန်မာ့သမိုင်းမှတ်တမ်းတွင် များရှိခဲ့သော်လည်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ပြန်လည်ခုခံတိုက်ခိုက်ကာ မြန်မာ့လွတ်လပ်ရေးကိုကာကွယ်နိုင်ခဲ့သည်။

ထို့အပြင် ၁၉၈၈ ခုနှစ် အရေးအခင်းအပါအဝင် ယနေ့အချိန်အထိ ပြည်တွင်း၊ ပြည်ပအဖျက်သမားများ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်လာခဲ့ရသည့် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်စဉ်၊ ဖြစ်ရပ်များ၏ သမိုင်းကြောင်းတစ်လျှောက်တွင် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိပါးလာနိုင်သဖြင့်

**ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့လွတ်လပ်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်းကာကွယ်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ၏ မျိုးချစ်စိတ်ဓာတ် သမိုင်းကြောင်းကိုသိရှိရန် အထူးလိုအပ်ပေသည်။ ထို့အပြင် မြန်မာ့လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် ယနေ့မျိုးဆက်သစ် လူငယ်များအတွက် သမိုင်းပေးတာဝန်အဖြစ် ခံယူသင့်**

မြန်မာ့တပ်မတော်က မလွှဲသာ၊ မရှောင်သာ ထိန်းသိမ်းတာဝန်ယူခဲ့ရသည်သာဖြစ်ပြီး မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်ချည်းဖြစ်သည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ်လူငယ်များအနေဖြင့် မြန်မာ့လွတ်လပ်ရေးနှင့် နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် သက်စွန့်ကြိုးပမ်းကာကွယ်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုမောင်နှမများ၏ မျိုးချစ်စိတ်ဓာတ်သမိုင်းကြောင်းကို သိရှိရန် အထူးလိုအပ်ပေသည်။ ထို့အပြင်မြန်မာ့လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် ယနေ့မျိုးဆက်သစ်လူငယ်များအတွက် သမိုင်းပေးတာဝန်အဖြစ် ခံယူသင့်ပါသည်။

### မြန်မာ့လွတ်လပ်ရေးအနာဂတ်အတွက် နိုင်ငံတကာဖြစ်ရပ်များမှ သင်ခန်းစာ

ကမ္ဘာ့နိုင်ငံများအကြား ပြည်တွင်းစည်းလုံးညီညွတ်မှုလျော့နည်းလာချိန်တွင် ပြည်ပသွေးထိုးစွက်ဖက်မှုများကြောင့် နိုင်ငံ၏စည်းလုံးရေးပြိုကွဲကာ အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရသည့် ဖြစ်ရပ်များ ကမ္ဘာ့သမိုင်းတွင် အထင်ကရရှိနေခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက် သီးခြားနိုင်ငံများဖြစ်လာသော ရုရှားနှင့် ယူကရိန်းအကြားတွင်လည်းကောင်း၊ အဇာဘိုင်ဂျန်နှင့် အယ်လ်ဘေးနီးယားအကြားတွင် လည်းကောင်း ပဋိပက္ခဖြစ်ပွားမှုဖြစ်စဉ်များက ယနေ့တိုင် အဆုံးမသတ်နိုင်သေးကြောင်း သမိုင်းအထောက်အထားများက အတည်ပြုထားသည်။ ယူဂိုဆလားဗီးယား ပြိုကွဲပြီးနောက်တွင်လည်း လူမျိုးရေးအပေါ် အခြေခံ၍ ပေါ်ပေါက်လာခဲ့ရသော ကိုဆိုဗိုပြည်နယ်အရေးအခင်းက ပြည်ပစွက်ဖက်မှုများကိုပါ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် အီရတ်နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲခြင်းနှင့်အတူ အမေရိကန်တို့ဝင်ရောက်မှုနောက်ပိုင်းတွင် အုပ်စုအဖွဲ့အမျိုးမျိုးတို့အကြား နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ယနေ့တိုင်ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဖြစ်နေရခြင်း၊ လစ်ဗျားတွင်လည်း နိုင်ငံအတွင်း အစိုးရနှစ်ရပ်စင်ပြိုင်ဖြစ်ပေါ်နေရခြင်းနှင့် ဆီးရီးယားတွင်လည်း အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းကို ထိထိရောက်ရောက် အုပ်ချုပ်မှုဆောင်ရွက်၍မရနိုင်အောင် ဖြစ်နေခြင်းတို့သည် ထင်ရှားသည့် ကမ္ဘာ့သမိုင်းဝင်ဖြစ်ရပ်များပင်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့ဘိုးဘွားများ၏ အသက်ပေါင်းများစွာပေးဆပ်ပြီး ရယူခဲ့ရသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်မဆုံးရှုံးစေရန်၊ ပြည်ထောင်စုကြီးမပြိုကွဲစေရန်အတွက် မြန်မာနိုင်ငံ၏သမိုင်းကြောင်းများနှင့် နိုင်ငံတကာဖြစ်ရပ်များမှ သင်ခန်းစာယူကာ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများအနေဖြင့် စည်းလုံးညီညွတ်မှုကို အရင်းတည်၍ မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အတူတကွ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ပေသည်။

### မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး စည်းလုံးညီညွတ်မှုအရေးပါ

မြန်မာ့လွတ်လပ်ရေး သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းများ၏ စည်းလုံးညီညွတ်မှုကြောင့် တောင်တန်း၊ မြေပြန့်မခွဲခြားဘဲ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိခဲ့ရခြင်းဖြစ်ရာ လွတ်လပ်ရေး၏ ထူးကဲသော အသီးအပွင့်များကိုလည်း အတူတကွမျှဝေခံစားလာခဲ့ကြသည်မှာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၄) နှစ်တိုင် ရှိခဲ့ပြီဖြစ်သည်။

ထို့ကြောင့် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများအားလုံး သွေးစည်းညီညွတ်မှုကို ရှေ့တန်းတင်ကာ တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အတူတကွယှဉ်တွဲနေထိုင်လာခဲ့ကြခြင်းက လွတ်လပ်ရေး အစွန့်ရှည်တည်မြဲစေရန် ထင်ရှားသည့် သမိုင်းဝင်မှတ်တမ်းသာဓကများလည်းဖြစ်သည်။ ယင်းသာဓကများနှင့် သမိုင်းကြောင်းအစဉ်အလာကောင်းများကို ထာဝရထိန်းသိမ်းရမည်မှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ သမိုင်းပေးတာဝန်တစ်ခုလည်းဖြစ်သည်။

သို့ဖြစ်၍ မြန်မာ့လွတ်လပ်ရေး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးပါလှသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများအားလုံးက စည်းလုံးညီညွတ်မှုရှိစွာဖြင့် ပူးပေါင်းကာ ဝိုင်းဝန်းကြိုးပမ်း၊ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။ ။

**ဆိုဗီယက်ပြည်ထောင်စုပြိုကွဲခဲ့ပြီးနောက် သီးခြားနိုင်ငံများဖြစ်လာသော ရုရှားနှင့် ယူကရိန်းအကြားတွင်လည်းကောင်း၊ အဇာဘိုင်ဂျန်နှင့် အယ်လ်ဘေးနီးယားအကြားတွင်လည်းကောင်း ပဋိပက္ခဖြစ်ပွားမှုဖြစ်စဉ်များက ယနေ့တိုင် အဆုံးမသတ်နိုင်သေးကြောင်း သမိုင်းအထောက်အထားများက အတည်ပြုထားသည်။ ယူဂိုဆလားဗီးယား ပြိုကွဲပြီးနောက်တွင်လည်း လူမျိုးရေးအပေါ် အခြေခံ၍ ပေါ်ပေါက်လာခဲ့ရသော ကိုဆိုဗိုပြည်နယ်အရေးအခင်းက ပြည်ပစွက်ဖက်မှုများကိုပါ ဖြစ်ပေါ်စေခဲ့ကြောင်းနှင့် အီရတ်နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲခြင်းနှင့်အတူ အမေရိကန်တို့ ဝင်ရောက်မှုနောက်ပိုင်းတွင် အုပ်စုအဖွဲ့အမျိုးမျိုးတို့အကြား နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ယနေ့တိုင် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ဖြစ်နေရခြင်း၊ လစ်ဗျားတွင်လည်း နိုင်ငံအတွင်း အစိုးရနှစ်ရပ် စင်ပြိုင်ဖြစ်ပေါ်နေရခြင်းနှင့် ဆီးရီးယားတွင်လည်း အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းကို ထိထိရောက်ရောက် အုပ်ချုပ်မှုဆောင်ရွက်၍မရနိုင်အောင်ဖြစ်နေခြင်းတို့သည် ထင်ရှားသည့် ကမ္ဘာ့သမိုင်းဝင်ဖြစ်ရပ်များပင်ဖြစ်**

❖ စာမျက်နှာ ၅ မှ

မဲဆန္ဒနယ် သတ်မှတ်ရာတွင် တိုင်းဒေသကြီး /ပြည်နယ်များ၏ ပထဝီအနေအထား ကွာခြားမှုအရ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွက် အမျိုးသားလွှတ်တော်တွင် မဲဆန္ဒနယ်မြေ မည့်မျှဖြစ်သင့်သည်ဟု တစ်ပြေးညီ သတ်မှတ်ခြင်းမပြုဘဲ ခရိုင်များကို အခြေခံ၍ မဲဆန္ဒနယ် စုစုပေါင်း (၃၆) နယ် သတ်မှတ်သင့်ပါကြောင်း၊ PR System အရ ဖြစ်ပေါ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးဖြစ်သော ပါတီများဖောင်းပွလာနိုင်မှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေဖြင့် သော်လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် သော်လည်းကောင်း ကန့်သတ်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

**ရွေးချယ်ကျင့်သုံးသင့်**

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် အဖွဲ့(၅)မှ ပြုစုထားသော စာတမ်းကို ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ဒေါ်နန်းသိုက်သိုက်ဝင်းကျော်က ကိုယ်စားပြု ဆွေးနွေးဖတ်ကြားတင်ပြရာတွင် မဲဆန္ဒရှင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်လောင်းများ၊ တိုင်းရင်းသားလူနည်းစုများ အားလုံးပါဝင်နိုင်ပြီး တစ်ပါတီကြီးစိုးမှုကိုပါ ကန့်သတ်နိုင်သော အချိုးကျကိုယ်စားပြုစနစ် (PR System) ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊ အချိုးကျကိုယ်စားပြုစနစ် (PR System) ကို ပြောင်းလဲကျင့်သုံးရာတွင် Closed List PR စနစ်ကို ရွေးချယ်ကျင့်သုံးသင့်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်သတ်မှတ်ရာတွင် သာမန်အားဖြင့် ခရိုင်တစ်ခုလျှင် မဲဆန္ဒနယ် (၁) ခု သတ်မှတ်သင့်ပါကြောင်း၊ သို့ရာတွင် လူဦးရေသိပ်သည်းဆများသည့်ခရိုင် (သို့မဟုတ်) မြို့နယ်အရေအတွက် များပြားသည့် ခရိုင်ဖြစ်ပါက မဲဆန္ဒနယ် (၁) နယ်ထက်ပို၍ သတ်မှတ်ရန် လိုအပ်ပါကြောင်း။

**ပြောင်းလဲကျင့်သုံးသင့်**

၁၀ မြို့နယ်နှင့် ယင်းအောက်ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မဲဆန္ဒနယ် (၁)နယ်သာ သတ်မှတ်သင့်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ်ကို ရွေးချယ်ရာ၌ FPTP စနစ်ကိုသာ အသုံးပြုရန် အကြံပြုလိုပါကြောင်း၊ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူကိုသာလျှင် ဆန္ဒမဲပေးခွင့်ပြုရန် ဖြစ်ပါကြောင်း၊ နိုင်ငံပြင်ပကြိုတင်မဲ၊ မြို့နယ်ပြင်ပကြိုတင်မဲနှင့် ရပ်/ကျေး ကြိုတင်မဲများကို ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ သတ်မှတ်ထားသည့် နေ့ရက်များတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အသိသက်သေများ၏ ရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာဖြင့် ကြိုတင်ရေတွက်သည့်စနစ်ကို ပြောင်းလဲကျင့်သုံးသင့်ပါကြောင်း၊ ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ် (PR System) ဖြင့် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ တာဝန်ထမ်းဆောင်မည့် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲဆန္ဒရှင်လုပ်သားပြည်သူများ နားလည်သဘောပေါက်ကြစေရန် အဆင့်ဆင့်သော သင်တန်းများ ဖွင့်လှစ်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အတွက် အဖွဲ့(၆)မှ ပြုစုထားသော စာတမ်းကို ဒီမိုကရေစီပါတီသစ် (ကချင်)မှ ဦးခေါ်တိန့်က ကိုယ်စားပြုဆွေးနွေးဖတ်ကြားတင်ပြရာတွင် တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲများကို Closed List – PR စနစ်ကို ကျင့်သုံးရန် မဲရလဒ်များတွက်ချက်ခြင်းကို ကြွင်းကျန်မဲအများဆုံးစနစ် (Largest Remainder Formula) ကို ကျင့်သုံးရန်၊ မဲဆန္ဒနယ်သတ်မှတ်ရာတွင် မြို့နယ်အလိုက်၊ ခရိုင်များအလိုက် သတ်မှတ်ခြင်းမပြုဘဲ မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး ကိုယ်စားလှယ် နှစ်ဦးစီကို PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်ရန်၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအတွက် ယခင်ကျင့်သုံးခဲ့သည့် FPTP စနစ်ဖြင့်သာ ရွေးကောက်တင်မြှောက်ရန် ဆွေးနွေးတင်ပြသည်။

**နိဂုံးချုပ်အမှာစကား**

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုတစ်ကြိမ် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရာမှာ ပါတီများအနေဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်အသီးသီးအတွက် အစုအဖွဲ့ (၆) ဖွဲ့ ဖွဲ့စည်းပြီး ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေအရ လွှတ်တော်များတွင် ကျင့်သုံးဆောင်ရွက်သင့်သည့် ရွေးကောက်ပွဲစနစ်များကို အချိန်ယူကာ အသေးစိတ်ညှိနှိုင်း တိုင်ပင်ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရန်နှင့် ဥပဒေပြုနိုင်ရန်အတွက် ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ကြရာတွင် ရွေးကောက်ပွဲစနစ်နှင့် ဒီဇိုင်းက အရေးကြီးပါကြောင်း၊ ရွေးကောက်ပွဲနယ်မြေများ ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပြီး မဲဆန္ဒရှင်များ၏ ဆန္ဒနှင့်အညီ အချိုးကျလွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပေးခြင်းဖြင့် အရည်အချင်းရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ရရှိကာ ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းပြီး နိုင်ငံရေးတည်ငြိမ်ခိုင်မာမှုရှိသည့် ပါတီစုံဒီမိုကရေစီစနစ် ဖွံ့ဖြိုးလာမှာဖြစ်ပါကြောင်း။

**ဆွေးနွေးပေးကြ**

ပါတီများအနေဖြင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အတွင်းက လုပ်ဆောင်နိုင်သည်များကို PR စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် အများအကျိုးရေရှည်အကျိုးရှေးရှုပြီး ဆွေးနွေးပေးကြခြင်းဖြစ်သည့်အတွက် ဆောင်ရွက်ပေးနိုင်သည့်ကိစ္စများကို အကောင်းဆုံးဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ ယခုဆွေးနွေးချက်များကို လေ့လာကြည့်ရာတွင် အများစုအနေဖြင့် လွှတ်တော်သုံးရပ်တွင် PR စနစ်ကို ကျင့်သုံးရာ၌ စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List–PR ) ကို ပြောင်းလဲကျင့်သုံးသင့်ကြောင်း၊ မဲဆန္ဒနယ်များ ခွဲဝေသတ်မှတ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးရန် ပြဋ္ဌာန်းထားပါကြောင်း၊ မဲပေးရာတွင် မဲရုံတိုင်း၌ မဲဆန္ဒရှင်ပြည်သူများက ၎င်းတို့ကြိုက်နှစ်သက်သည့် ကိုယ်စားလှယ်၏ ပါတီအား မဲပေးနိုင်ရန် မဲရုံအဝတွင် ဗီနိုင်းပိုစတာများဖြင့် ပါတီ၏ အမည်အောက်တွင် ဝင်ရောက်ရွေးချယ်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏ ဓာတ်ပုံနှင့် အမည်ကို ဖော်ပြသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်ကို တွေ့ရှိရပါကြောင်း။

**ပြန်လည်ဆွေးနွေးတိုင်ပင်**

လွှတ်တော်ရွေးကောက်ပွဲများကို မဲအများဆုံးရသူ အနိုင်ရသည့် (FPTP) စနစ်မှ အချိုးကျ ကိုယ်စားပြုစနစ် (PR) သို့ ပြောင်းလဲဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးချက်များအပေါ် မူတည်၍ မိမိနိုင်ငံနှင့် သင့်လျော်ပြီး ဥပဒေနှင့်လည်း ညီညွတ်မှုရှိစေရန်အတွက် ပြန်လည်ဆွေးနွေးတိုင်ပင်ပြီး ပြင်ဆင်ရန် လိုအပ်သည့် ဥပဒေများကို ပြင်ဆင်နိုင်ရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ကျင်းပဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုအားလုံး ပူးပေါင်းဆောင်ရွက်မှသာလျှင် အောင်မြင်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးပါတီများနှင့် လက်တွဲပြီး လာမည့်ရွေးကောက်ပွဲကို တိုင်းရင်းသားလူမျိုးစုများ၊ နိုင်ငံရေးပါတီငယ်များ၊ ယင်းတို့ကို ထောက်ခံသည့် ဆန္ဒမဲများအရ ပါဝင်လာနိုင်ပြီး မျှမျှတတ မှန်မှန်ကန်ကန်ဖြင့် အရည်အချင်းရှိသည့် ကိုယ်စားလှယ်များ ရွေးချယ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံရေးပါတီ (၆၂) ပါတီမှ ကိုယ်စားလှယ် (၁၁၅) ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရေး စည်းရုံးဆောင်ရွက်

**တာချီလိတ် ဒီဇင်ဘာ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မိုင်းဆတ်မြို့သို့ ရောက်ရှိပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မိုင်းတုံမြို့နယ် မိုင်းခုတ်မြို့၊ ပုံပါကျင်မြို့နှင့်မုံးထမြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံသည်။ မွန်းလွဲပိုင်းတွင် မိုင်းဆတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် တာချီလိတ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တွဲဖက်ပြည်နယ်ဦးစီးမှူး၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းယောင်းမြို့နယ်၊ မိုင်းယုမြို့နှင့် ကျိုင်းလပ်မြို့တို့မှ ဦးစီးမှူးများအား တွေ့ဆုံ၍ တာချီလိတ်မြို့ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဝန်ထမ်းများအနေဖြင့် တိုင်းရင်းသားဒေသများတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍ ဒေသခံတိုင်းရင်းသား ဓလေ့ထုံးစံများကို လေးစားလိုက်နာပြီး ပြည်သူလူထုနှင့် ရင်းနှီးခင်မင်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ လက်ရှိဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှုများ ပပျောက်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပူးပေါင်းပါဝင်ကြရေး စည်းရုံးဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ကာကွယ်ရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် ၊ နိုင်ငံတော်က အားကိုးရသည့် ဗလငါးတန်နှင့်ပြည့်စုံပြီး အတတ်ပညာ၊ အသိပညာပြည့်ဝသော လူငယ် လူရွယ်များဖြစ်လာစေရေး လူငယ်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။



**သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီလေးခု၊ ယာဉ်စီးရေ ခုနစ်စီးဖြင့် အောက်ဆီဂျင်အရည် Storage Container/Tank တစ်ခု၊ အောက်ဆီဂျင်အရည် Distributor တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၈၀၊ PPE ဝတ်စုံ ၁၉၄၀၀ နှင့် နှာခေါင်းစည်း ၁၂ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲများနှင့် ဖူဆယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၆**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများအဖြစ် အားကစားနည်း ခြောက်နည်းကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (Sports Complex)ရှိ သက်ဆိုင်ရာ အားကစားကွင်း / အားကစားရုံများတွင် ကိုဗစ် -၁၉ ရောဂါ စည်းကမ်းချက်များနှင့် အညီ ကျင်းပလျက်ရှိရာ ယနေ့နံနက် ၉ နာရီတွင် ကျင်းပလျက်ရှိသော (အမျိုးသား / အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲနှင့် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲများသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဝင် ဦးရဲနိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကျင်းပလျက်ရှိသော (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ပွဲစဉ်များကိုလည်းကောင်း၊ ဖူဆယ် အားကစားရုံ၌ ကျင်းပလျက်ရှိသော ပွဲစဉ်များကိုလည်းကောင်း၊ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသော ပွဲစဉ်များကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒီဇင်ဘာ ၂၇ ရက်တွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ဘော်လီဘော (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို လည်းကောင်း၊ ဖူဆယ်အားကစားရုံတွင် ဖူဆယ် (အမျိုးသား) ပြိုင်ပွဲများနှင့် ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)တွင် ပိုက်ကျော်ခြင်း (အမျိုးသား) ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စကားပုံဆက်ပြိုင်ပွဲ ကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၂၆**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စကားပုံဆက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းက မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် ဘူးသီးတောင်မြို့ အထက(၁)မှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ကျောင်းသား ကျောင်းသူ ကလေးငယ်များအား စာကြည့်တိုက်နှင့် ရင်းနှီးမှုရှိစေရန်၊ စဉ်းစားတွေးတော ဆင်ခြင်ကြံဆမှုနှင့် တီထွင်ဖန်တီးလိုစိတ်များ မြင့်မားလာစေရန်၊ ဖြတ်ထိုးဉာဏ်၊ စိတ်ကူးစိတ်သန်းများ ထက်မြက်လာစေရန်နှင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

လှကျော်(ပြန်/ဆက်)




## စဉ့်ကိုင်မြို့နယ်တွင် လွတ်လပ်ရေးနေ့အကြို ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**စဉ့်ကိုင် ဒီဇင်ဘာ ၂၆**

စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

လွတ်လပ်ရေးနေ့ အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် စဉ့်ကိုင် (အထက)မှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ကျပန်းစကားပြောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်ဦးစီးအရာရှိ ဦးဘိုဘိုဟန်၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်ပိုင်ပိုင်ကျော်(ပြန်/ဆက်)

## ကမ္ဘာတည်သရွေ့ မြန်မာပြည်

☆ မြန်မာဟူသည့်၊ သမိုင်းရှိခဲ့
ရှိသည့်သမိုင်း၊ ခေတ်စဉ်တိုင်း၌
အရိုင်းမခံ ......၊
သမိုင်းမှန်စွာ၊ ဖြတ်သန်းလာခဲ့
နယ်ချဲ့လက်အောက်၊ ဒူးမထောက်ခဲ့
တက်ခေါက်မာန်ဝင့်
အောင်လံလွှင့်ချီ၊ မော်ကွန်းတည်ခဲ့
ဦးတည်ချက်မြတ်၊ သတိချပ်လျက်
သွေးအသက်တို့၊ ပေးဆက်မနှေး
“လွတ်လပ်ရေး”ကို၊ တစ်ကိုး လေးရှစ်
သက္ကရာဇ်၏၊ ပျိုမျစ်အေးမြ
ဆောင်းအလှဖြာ၊ ဇန်နဝါရီ
လေးရက်ဆီ၌၊ မြန်ပြည်အလံ
ကောင်းကင်ယံတွင် ...၊
လွင့်ပျံ့အောင်ပွဲ ခြိမ့်ခြိမ့်သဲ။
တောင်ပေါ်မြေပြန့် အနှံ့နှံ့၌။
တိုင်းရင်းသားစုံ ပေါင်းဆုံပွဲ။
☆ တိုင်းရင်းသားထု၊ ညီညွတ်မှုကြောင့်
ပေါင်းဆုဆွေးနွေး၊ “လွတ်လပ်ရေး” အား
ညီနောင်များတို့၊ လေးစားအသိ
ကိုယ်စီရှိလျက်၊ အမိမြန်မာ
ငြိမ်းချမ်းစွာဖြင့်၊ ကမ္ဘာအလယ်
ဂုဏ်မငယ်အောင်၊ ကြိုးပမ်းဆောင်ရွက်
နောင်အတွက်တည့် ........။
အသက်ပမာ၊ အရေးပါသော
ကမ္ဘာကမ္ဘော၊ မြန်မာပြေ(ပြည်)၏
အမွေအနှစ်၊ ကေန်ဖြစ်၍
နှစ်ပေါင်းကုဋေ၊ ခိုင်မြဲစေအောင်
နောင်လာနောက်သား၊ မျိုးဆက်များမှ
ဆင့်ပွားမနှေး၊ ထိန်းသိမ်းပေးလော့
“အရေးသုံးပါး” အလေးထားကာ
စောင့်ရှောက်ပါသော် ...... ၊
ကမ္ဘာတည်သရွေ့ မြန်မာပြည်။
ပြည်ထောင်စုကြီး စည်းလုံးညီ။
လွတ်လပ်ရေးကို ထိန်းသိမ်းမည် ....။

[(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်]

မြင့်မိုရ်ဦး(ပဲခူး)

# ဗီဇပြောင်း အိုမီခရွန်ဗိုင်းရပ်စ်အန္တရာယ် သတိပြုကာကွယ်

**မေယု-မျိုးအောင် (MANA)**


**မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုမှာ ထိန်းချုပ်နိုင်သည့် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာပြီဟုဆိုနိုင်သော်လည်း ၎င်းရောဂါရောက်မလာမီက မူလအခြေအနေမျိုး မဟုတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ သတိလက်လွတ်နေမိသည်နှင့် ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာနိုင်သကဲ့သို့ ပြင်ပမှဝင်ရောက်လာနိုင်သည့်အန္တရာယ်ကိုလည်း အချိန်တိုင်းဂရုပြုစောင့်ကြည့်နေကြရန်လို**

တောင်အာဖရိကတွင် နောက်ဆုံးတွေ့ရှိခဲ့သော ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲ B.1.1.529 ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Omicron ဟု အမည်ပေးပြီး စိုးရိမ်ရသည့် ဗိုင်းရပ်စ်မျိုးကွဲအုပ်စုတွင် ထည့်သွင်းခဲ့သည်။ အဆိုပါ ဗိုင်းရပ်စ်မျိုးကွဲကို စတင်တွေ့ရှိချိန်မှ တစ်ပတ်အတွင်း တောင်အာဖရိက၊ ဘော့ဆွာနာ၊ ဟောင်ကောင်၊ အစ္စရေးနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ကို စတင်ပျံ့နှံ့ရောက်ရှိပြီးဖြစ်ကြောင်း နိုင်ငံတကာသတင်းများက ဖော်ပြကြသည်။ ယင်းဗိုင်းရပ်စ်မျိုးကွဲသည် အခြားဗိုင်းရပ်စ်မျိုးကွဲများထက် ကူးစက်မှုအဆပေါင်းများစွာ မြန်ဆန်နိုင်သဖြင့် နိုင်ငံအချို့က ပြည်ပခရီးသည်ဝင်ခွင့်ပိတ်ပင်မှုကို စတင်လုပ်ဆောင်နေကြပြီဖြစ်သည်။ အိုမီခရွန်ဗိုင်းရပ်စ်၏အလေ့အထများအပေါ် သုတေသီတို့ စူးစမ်းလေ့လာနေရဆဲဖြစ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် သတိကြီးကြီးထားရမည်ဖြစ်သည်။

**ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများ**

ကိုဗစ်ကပ်ရောဂါနှင့်ပတ်သက်၍ နိုင်ငံများအဓိကရင်ဆိုင်နေသည့်ပြဿနာမှာ ဗီဇပြောင်းဗိုင်းရပ်စ်မျိုးကွဲများ၏ အန္တရာယ်ဖြစ်သည်။ ဗိုင်းရပ်စ်မျိုးကွဲများသည် အခြားသောမျိုးကွဲများနေရာတွင် အလျင်အမြန်အစားထိုးနေရာယူလာမှုနှင့် ဗီဇပြောင်းလဲပြီး ကြီးမားသည့်အကျိုးသက်ရောက်မှုတို့ကြောင့် ကူးစက်နှုန်းမြန်ဆန်ကာ လူအသေအပျောက်ကိုလည်း ပိုမိုမြင့်တက်စေခဲ့သည်။ ဗိုင်းရပ်စ်မျိုးကွဲများသည် အလွယ်တကူ ကူးစက်ပျံ့နှံ့စေနိုင်ခြင်း၊ ကူးစက်ခံရသူကို ရောဂါပြင်းထန်စေခြင်းနှင့် ကာကွယ်ဆေးများ၊ ကုသဆေးများကို ခံနိုင်ရည်ရှိခြင်းတို့ ဖြစ်ပေါ်စေနိုင်ကြောင်း ဆေးသိပ္ပံပညာရှင်များက ဆိုထားသည်။ စိုးရိမ်ရသည့် ဗိုင်းရပ်စ်မျိုးကွဲအုပ်စုတွင် ပါဝင်လာသော အိုမီခရွန်ဗိုင်းရပ်စ်နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များပိုမိုသိရှိရေး ကြိုတင်ကာကွယ်ရေးတို့မှာ အရေးကြီးသည့်အချက်များဖြစ်သည်။

အိုမီခရွန်ဟု အမည်ပေးထားသည့် ကိုဗစ်-၁၉ မျိုးကွဲအသစ်ကို ဗြိတိန်နှင့်ဂျာမနီတို့တွင် ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့သည်ဟုသိရသည်။ အဆိုပါမျိုးကွဲကို တောင်အာဖရိကတွင် ကနဦးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ နိုင်ငံအများအပြားကလည်း အိုမီခရွန်ကူးစက်မှုမှ တားဆီးရန်အတွက် အာဖရိကတောင်ပိုင်းနိုင်ငံများမှလာသော ခရီးသည်များအတွက် နယ်စပ်တွင် တင်းကျပ်မှုများ ပြုလုပ်လာကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း အိုမီခရွန်ကို စိုးရိမ်စရာကောင်းသည့်မျိုးကွဲဟု



ဖော်ပြထားသည်။ နိုဝင်ဘာ ၂၅ ရက်တွင် ဗြိတိန်နိုင်ငံ၌ အိုမီခရွန်ကူးစက်ခံထားရသူနှစ်ဦး တွေ့ရှိထားကြောင်း ဗြိတိန်ကျန်းမာရေးအာဏာပိုင်များက ပြောသည်။

မြန်မာနိုင်ငံသည် တတိယလှိုင်းကာလအတွင်း ဒယ်လ်တာမျိုးစိတ်ကြောင့် အလူးအလဲခံခဲ့ကြရသည်။ အိုမီခရွန်ဗိုင်းရပ်စ်သစ် စတင်ပေါ်ပေါက်လာပြီဖြစ်၍ နောက်ထပ်လှိုင်းတစ်ခု ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ပြင်ဆင်ကြရတော့မည်ဖြစ်သည်။ ဗိုင်းရပ်စ်သစ်တွေ့ရှိရာ တောင်အာဖရိကနိုင်ငံသည် ပထဝီအနေအထားအရ မြန်မာနိုင်ငံနှင့် ဝေးကွာလှန်းသဖြင့် အချိန်တိုအတွင်း အဆိုပါဗိုင်းရပ်စ်၏အန္တရာယ်ကို ရင်ဆိုင်ရနိုင်ခြေနည်းပါးမည်ဖြစ်ပြီး ကူးလူးဆက်ဆံမှုများပြားသော အိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အိုမီခရွန်ဗိုင်းရပ်စ်ဝင်ရောက်လာနိုင်သည့် လမ်းဖြစ်သွားနိုင်သည်ကို အထူးသတိပြုကြရမည်ဖြစ်သည်။

**အိုမီခရွန်၏နောက်ဆက်တွဲဆိုးကျိုးများ**

လတ်တလောကာလတွင် အာဖရိကနိုင်ငံများ၏ အခြေအနေများအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများသည် မျိုးဗီဇပြောင်းလဲသည့် အိုမီခရွန် (Omicron) ဝင်ရောက်လာမှုနှင့်အတူ လှိုင်းတစ်လှိုင်းအသစ်ဖြစ်ပွားလာနိုင်မှု အစဖြစ်နေ၍ သတိကြီးစွာစောင့်ကြည့်ရမည့် အနေအထားဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သိရသည်။ ကိုဗစ်-၁၉ မျိုးဗီဇပြောင်းအိုမီခရွန်၏ နောက်ဆက်တွဲဆိုးကျိုးများတွင် ၎င်း၏ဆူးချွန်၌ပါရှိသည့် ခုခံအားစနစ်အရ အရေးပါသည့် (RBD – Receptor Binding Domain) နှင့် (NTD – N – terminal domain) နေရာများတွင် ပြောင်းလဲမှုများဖြစ်ခြင်းကြောင့် ကာကွယ်ဆေးများ၏ထိရောက်မှု (neutralizaion antibodies effects) ကို လျော့ကျစေနိုင်သကဲ့သို့ လူလုပ်ပဋိပစ္စည်းများ၏ ထိရောက်မှုများကိုလည်း လျော့ကျစေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ သန်းနိုင်စိုးက ပြောသည်။

ဆူးချွန်မှာပါရှိသည့် လူ့ခန္ဓာကိုယ်ဆဲလ်ထဲကို ဝင်နိုင်အောင် ဆောင်ရွက်သည့်အပိုင်းတွင် ပြောင်းလဲမှုများဖြစ်ခြင်းကြောင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေခြင်း၊ အယ်လ်ဖာ၊ ဘီတာ၊ ဂမ်မာနှင့် လမ်ဘဒါမျိုးကွဲများကဲ့သို့ (nsp 6 deletion) ကို ရှောင်လွှဲနိုင်စွမ်းများရှိလာနိုင်၍ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုမြန်ဆန်စေနိုင်ကြောင်းသိရသည်။ ကိုဗစ်-၁၉ ရောဂါပိုး၏အတွင်းရှိ မျိုးဗီဇမှာလည်း အယ်လ်ဖာ၊ ဂမ်မာနှင့် လမ်ဘဒါမျိုးကွဲများကဲ့သို့ ပြောင်းလဲမှု (R203K+ G20AR mutations) များဖြစ်နိုင်၍ ရောဂါဝင်ရောက်ကူးစက်ဖြစ်ပွားနိုင်ခြင်း (infectivity) ကို မြင့်တက်လာနိုင်ဖွယ်ရှိသည်ဟု သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းသည် ယခုရက်သတ္တပတ်အတွင်း နှစ်ရာခိုင်နှုန်းကျော်ခန့်ရှိနေသည့်အတွက် ရောဂါကူးစက်မှုကို အကြောင်းပြု၍ ထားရှိခဲ့သည့် ကန့်သတ်တားဆီးမှုများလည်း လျှော့ချလာသည်။

**နှစ်နှစ်ခန့်ကြာမြင့်လာပြီ**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး လွှမ်းခြုံမှုအနေဖြင့် နိုဝင်ဘာလ ၂၀ ရက်နေ့အထိ ကာကွယ်ဆေး နှစ်ကြိမ်အပြည့်ထိုးနှံပြီးသူ ၁၀ ဒသမ ၄ သန်းနှင့် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသူ ၄ ဒသမ ၉ သန်းရှိသည်။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် နှစ်နှစ်ခန့်ကြာမြင့်လာပြီဖြစ်သည့်တိုင် ကမ္ဘာ့နိုင်ငံတိုင်းကို ခြိမ်းခြောက်နေဆဲဖြစ်သည်။ နိုင်ငံ့လူဦးရေ ၈၀ ရာခိုင်နှုန်းခန့်အထိ ကာကွယ်ဆေးထိုးထားနိုင်သည့် ဥရောပနိုင်ငံတစ်ခုတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ပြန်လည်မြင့်တက်လာသည့်သတင်းက ကာကွယ်ဆေးထိုးထားရုံမျှဖြင့် ကိုဗစ်-၁၉ ကူးစက်မှုကို စိတ်ချလက်ချ ဟန့်တားမထားနိုင်သည့် အဓိပ္ပာယ်ပင်ဖြစ်သည်။ အစုလိုက်ကိုယ်ခံစွမ်းအားကို ကာကွယ်ဆေးထိုးခြင်းနှင့် ရောဂါကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူတို့တွင် သဘာဝအလျောက်ရရှိနိုင်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုရပ်တန့်ရေးအတွက် အစုလိုက်ကိုယ်ခံစွမ်းအားရရှိမှုလိုအပ်ချက်ကို မူလက ၇၀ ရာခိုင်နှုန်းဟု ခန့်မှန်းခဲ့ရာ နောက်ပိုင်းတွင် တိုးမြင့်ခန့်မှန်းလာ

ကြရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမှာ ထိန်းချုပ်နိုင်သည့် အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာပြီဟု ဆိုနိုင်သော်လည်း ၎င်းရောဂါရောက်မလာမီက မူလအခြေအနေမျိုး မဟုတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။ သတိလက်လွတ်နေမိသည်နှင့် ကူးစက်မှုနှုန်း ပြန်လည်မြင့်တက်လာနိုင်သကဲ့သို့ ပြင်ပမှ ဝင်ရောက်လာနိုင်သည့်အန္တရာယ်ကိုလည်း အချိန်တိုင်းဂရုပြုစောင့်ကြည့်နေကြရန်လိုသည်။ ဗီဇပြောင်းလဲမှုအများအပြားရှိနေသည့် ကိုရိုနာဗိုင်းရပ်စ်မျိုးကွဲသစ်ကို မိမိတို့တွေ့ရှိခဲ့သည်ဟု နိုဝင်ဘာ ၂၅ ရက်တွင် တောင်အာဖရိကရှိ သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားခဲ့ကြပြီး ကူးစက်ခံရသူအရေအတွက် မြင့်တက်နေခြင်းမှာ အဆိုပါမျိုးကွဲဗိုင်းရပ်စ်သစ်ကြောင့်ဖြစ်သည်ဟု အပြစ်တင်ခဲ့ကြသည်။

**နိုင်ငံ ငါးနိုင်ငံတို့မှ ခရီးသွားလာမှုအားလုံး**

တောင်အာဖရိကတိုက်၏ ကိုရိုနာဗိုင်းရပ်စ်အဆိုးရွားဆုံးကူးစက်မှုဖြစ်ပွားရာ တောင်အာဖရိကနိုင်ငံတွင် နေ့စဉ်ကူးစက်မှုအရေအတွက်သည် ယခုလအစပိုင်းမှစတင်ကာ ၁၀ ဆတိုးလာခဲ့သည်။ ဒယ်လ်တာမျိုးကွဲဗိုင်းရပ်စ်ထက် ကူးစက်မှု ပိုမိုမြန်ဆန်ပြီး လက်တလောကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများကို ပိုမိုခံနိုင်ရည်ရှိနေသည်ဟု သိပ္ပံပညာရှင်များကပြောကြားသော မျိုးကွဲဗိုင်းရပ်စ်အသစ်နှင့်ပတ်သက်၍ စိုးရိမ်မှုကြီးထွားလာသောကြောင့် ဗြိတိန်သည် တောင်အာဖရိကနိုင်ငံနှင့် အခြားတောင်ပိုင်းအာဖရိကနိုင်ငံ ငါးနိုင်ငံတို့မှ ခရီးသွားလာမှုအားလုံးကို ပိတ်ပင်ခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်တွင် တောင်အာဖရိက၏ နေ့အလိုက် ကူးစက်ခံရသူအရေအတွက်သည် ၁၂၀၀ ရှိခဲ့ရာ ယခုလအစောပိုင်းတွင် ကူးစက်ခံရသူအရေအတွက်ထက် ၁၆၀ ပိုများလာခြင်းဖြစ်သည်။ တောင်အာဖရိကကို စတုတ္ထကူးစက်မှုလှိုင်းလာမည်ဟု အာဏာပိုင်များက ခန့်မှန်းခဲ့သည်။ ယနေ့ကမ္ဘာကြီးတွင် ဗိုင်းရပ်စ်မျိုးကွဲသစ်များသည် တစ်မျိုးမဟုတ်တစ်မျိုး ပေါ်ပေါက်လာနိုင်သည့်အခြေအနေမျိုးရှိနေသည်ဖြစ်ရာ လူသားများအနေဖြင့် အချိန်ကာလတစ်ခုအထိ ကိုဗစ်နှင့်အတူယှဉ်တွဲနေထိုင်သွားကြရမည်ဖြစ်သည်။

“ကာကွယ်ခြင်းသည် ကုသခြင်းထက် ထိရောက်၏” ဆိုသကဲ့သို့ ရောဂါပိုးကူးစက်ခံရမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ခြင်းသည် သာလျှင် အကောင်းဆုံးကာကွယ်ဆေးဖြစ်သည်။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဌာန၏ နည်းဆော်ချက်များဖြစ်သော လက်ကိုမကြာခဏ ဆေးကြောခြင်း၊ မိမိတို့၏နေအိမ်များတွင်သာ တတ်နိုင်သမျှနေထိုင်ခြင်း၊ လူစုလူဝေးကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ နေအိမ်ပြင်ပ သို့မဟုတ် လူအများစုဝေးရာနေရာသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှခပ်ခွာခွာနေထိုင်ခြင်းနှင့် ကိုဗစ်ကပ်ရောဂါကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ရေပြည့်ခံယူခြင်းဖြင့် အိုမီခရွန်ဗိုင်းရပ်စ်ကို ကြိုတင်ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ဂျပန်နိုင်ငံ၌ နှင်းများထူထပ်စွာ ကျဆင်းမှုကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်း

**တိုကျို ဒီဇင်ဘာ ၂၆**

ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် မြောက်ပိုင်းဒေသများတွင် နှင်းများထူထပ်စွာကျဆင်းမှုကြောင့် ဒီဇင်ဘာ ၂၆ ရက်တွင် ပြည်တွင်းလေကြောင်းခရီးစဉ် စုစုပေါင်း ၁၀၀ ကျော်အား ဖျက်သိမ်းခဲ့ကြောင်း ယနေ့စီအင်န်အေ သတင်းတစ်ရပ်အရ သိရသည်။

ယင်းသို့ နှင်းများထူထပ်စွာကျဆင်းမှုကြောင့် All Nippon Airways လေကြောင်းလိုင်းက လေကြောင်းခရီးစဉ် ၇၉ ခုအား ရပ်ဆိုင်းခဲ့ကြောင်းနှင့် ယင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ခြင်းကြောင့် ခရီးသည် ၅၁၀၀ ခန့်အတွက် ခရီးသွားလာမှု နှောင့်နှေးခဲ့ရကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူ ဟာယာကာဝါက ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံ လေကြောင်းလိုင်းများကုမ္ပဏီကလည်း ပြည်တွင်းလေကြောင်းခရီးစဉ် ၄၉ ခုကို ဖျက်သိမ်းခဲ့ရခြင်းကြောင့် ခရီးသည် ၂၄၆၀ အတွက် ခရီးသွားလာမှုဆိုင်ရာ ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင်မူ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေသည့်အတွက် ခရစ္စမတ်ကာလအတွင်း လေကြောင်းခရီးစဉ်ထောင်ပေါင်းများစွာအား ဖျက်သိမ်းခဲ့ရကြောင်းလည်း သိရသည်။ ဂျပန်နိုင်ငံသည် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုကို တားဆီးကာကွယ်ရန် နယ်စပ်ဒေသများအား ပိတ်ထားခဲ့ရကြောင်းနှင့် လက်ရှိတွင် ဂျပန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူစုစုပေါင်း ၂၃၁ ဦးရှိကြောင်း ဂျပန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား – စီအင်န်အေ**
**ဘာသာပြန် – အလင်းသစ်**






## ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ်၌ ဆည်ကျိုးမှုဖြစ်ပွား

**ဆော်ပေါ်လို ဒီဇင်ဘာ ၂၆**

ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်း ဘာဟီယာပြည်နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဆည်ကျိုးမှုဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့၌ ပြောကြားသည်။

အဆိုပါ မတော်တဆမှုဖြစ်ပွားသော အိုင်ဂေါဆည်သည် ဘာဟီယာပြည်နယ် တောင်ပိုင်း ဗစ်တိုးရီးယား ဒါ ကွန်ကွစ်စတာမြို့အနီး၌ တည်ရှိပြီး အဆိုပါဆည်အနီးအနားရှိ အိုက်တန်ဘီမြို့မှ ဒေသခံများအား ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

အဆိုပါ ဆည်ကျိုးပေါက်ပြိုကျရာမှတစ်ဆင့် စီးဆင်းလာသော ရေများသည် အရှိန်ဟုန်ပြင်းစွာဖြင့် အိုက်တန်ဘီမြို့အတွင်းသို့ ဝင်ရောက်လာနိုင်ကြောင်း တာဝန်ရှိသူများက သတိပေးထားသည်။ အိုက်တန်ဘီဒေသသည် ဘာဟီယာပြည်နယ်၏ တောင်ပိုင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာ ဒေသဖြစ်သည်။ အဆိုပါသဘာဝဘေးကြောင့် ဘရာဇီးနိုင်ငံ တောင်ပိုင်းနှင့် အရှေ့မြောက်ပိုင်းကိုဆက်သွယ်ထားသော အဝေးပြေးလမ်းမပိတ်ဆို့သွားနိုင်ကြောင်း ဗစ်တိုးရီးယား ဒါကွန်ကွစ်စတာမြို့တော်ဝန် ရီလာလီမော့က်က ပြောကြားသည်။ ဘာဟီယာပြည်နယ်၌ လက်ရှိအချိန်တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားလျက်ရှိသဖြင့် ဒေသခံထောင်ပေါင်းများစွာ မိမိတို့နေအိမ်များအား စွန့်ခွာခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ရိုင်ကက်စထရိုက ပြောကြားသည်။

**ကိုးကား – ယူအက်စ်နယူးစ်**
**ဘာသာပြန် – စိုးသူရ**

## ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၆၄ ဦးရှိ

**ဆော်ပေါ်လို ဒီဇင်ဘာ ၂၆**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၆၄ ဦး ရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၆၄ ဦးရှိကြောင်း ဘရာဇီး ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၆၁၈၃၉၂ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၂၂၀၇၃၇ ဦးရှိလာကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၆၇ ဒသမ ၉ ရာခိုင်နှုန်း သို့မဟုတ် လူဦးရေ ၁၄၂ ဒသမ ၃ သန်းသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**







## အီရန်နိုင်ငံက အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုကို ကြိုတင်ကာကွယ်ရန် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်သည့် နယ်စပ်ဒေသများအား ပိတ်ထားခဲ့

**တီဟီရန် ဒီဇင်ဘာ ၂၆**

အီရန်နိုင်ငံသည် အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများကို ကြိုတင်ကာကွယ်ရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်လျက်ရှိသည့် နယ်စပ်ဒေသများအား ပိတ်ထားရန် ဆုံးဖြတ်ခဲ့ကြောင်း ဒီဇင်ဘာ ၂၅ ရက်တွင် ကြေညာခဲ့သည်။

**ပြောကြား**

အီရန်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တူရကီ၊ အီရတ်၊ အာဖဂန်နစ္စတန်၊ အဇာဘိုင်ဂျန်၊ ပါကစ္စတန်နှင့် အာမေးနီးယားနိုင်ငံတို့နှင့် နယ်မြေချင်းထိစပ်လျက်ရှိသည့် နယ်စပ်ဒေသများအား ဒီဇင်ဘာ ၂၅ ရက်မှစတင်ကာ လဝက်ကြာကာလအထိ ပိတ်ထားမည်ဖြစ်ကြောင်း အီရန်အကောက်ခွန်ဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံ၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုကို ဒီဇင်ဘာ ၁၉ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ၎င်းဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူသည် အာရပ်စော်ဘွားများပြည်ထောင်စုမှ ပြန်လည်ရောက်ရှိလာသူဖြစ်ကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုအပြင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုများလည်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

ကြေးမုံ
ဒီဇင်ဘာ ၂၇၊ ၂၀၂၁

## ဆူနာမီမုန်တိုင်း ၁၇ နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနား အင်ဒိုနီးရှား၌ ကျင်းပ




**ဂျကာတာ ဒီဇင်ဘာ ၂၆**
အိန္ဒိယသမုဒ္ဒရာတွင် စတင်ဖြစ်ပွားခဲ့သော ဆူနာမီမုန်တိုင်း အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခြင်း ၁၇ နှစ်ပြည့် အောက်မေ့ဖွယ်အခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ ယနေ့ ကျင်းပသည်။

အဆိုပါဆူနာမီမုန်တိုင်း ဝင်ရောက်တိုက်ခတ်သည့်ကာလအတွင်း အာချေးပြည်နယ်၌ ဒေသခံ ၁၆၀၀၀၀ ကျော် သေဆုံးခဲ့သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက် ၈ နာရီတွင် အာချေးပြည်နယ်သို့ အဆိုပါဆူနာမီမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်၌ အာချေးပြည်နယ်ရှိဒေသခံများအား တာဝန်ရှိသူများက သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် သင်တန်းများ ပို့ချပေးနေသော်လည်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် အခက်အခဲများ ရှိနေကြောင်း သိရသည်။

အာချေးပြည်နယ်ရှိ ဒေသခံများသည် လက်ရှိအချိန်၌ ပြင်ဆင်ထားသော သဘာဝဘေးဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများနှင့် တင်းတိမ်မနေသင့်ဘဲ သဘာဝဘေးကာကွယ်ရေးအတွက် ပိုမိုကြိုးစား ဆောင်ရွက်သင့်ကြောင်း အဆိုပါအောက်မေ့ဖွယ် အခမ်းအနား၌ အာချေးပြည်နယ် အုပ်ချုပ်ရေးမှူး နိုဗာအိုင်ရင်ရက်က ပြောကြားသည်။ အဆိုပါဖြစ်စဉ်တွင် သားသမီးသုံးဦး သေဆုံးခဲ့သော မိခင် တစ်ဦးက အသက်အရွယ် ငယ်ရွယ်သော ကလေးများသည် ငလျင်ဖြစ်ပွားပါက အမြန်ဆုံးဘေးလွတ်ရာသို့ ရှောင်တိမ်းရန် လိုအပ်ကြောင်း ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်ရှိ ခေါက်ဆွဲစက်ရုံ၌ ဘွိုင်လာအိုး ပေါက်ကွဲမှုဖြစ်ပွား



**နယူးဒေလီ ဒီဇင်ဘာ ၂၆**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ် မူဇက်ဖပါခရိုင်ရှိ ခေါက်ဆွဲစက်ရုံ၌ ဘွိုင်လာအိုးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ အနည်းဆုံး ခြောက်ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်၌ စက်ယန္တရားကြီးများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အပျက်အစီးများကြားတွင် အသက်ရှင်ကျန်ရစ်သူနှင့် သေဆုံးသူများ ထပ်မံစစ်ဆေးရှာဖွေနေကြောင်း မူဇက်ဖပါခရိုင်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ပရာဗန်ကူးမားက ပြောကြားသည်။

လက်ရှိအချိန်၌ အခင်းဖြစ်နေရာတွင် ကယ်ဆယ်ရေးဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ချထားပြီး အဆိုပါပေါက်ကွဲမှု၏ ဇာစ်မြစ်ကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ယခုဖြစ်ပွားသော ပေါက်ကွဲမှုမှာ ပြင်းထန်သဖြင့် အနီးအနားရှိ စက်ရုံများ၌ ပျက်စီးမှုများရှိကြောင်း သိရသည်။ ယခုဖြစ်စဉ်၌ အဆိုပါဒေသရှိ ဒေသခံများမှာ မိမိတို့နေအိမ်များမှ ထွက်ပြေးသွားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၁၈ သန်းကျော်ရှိ

**တီဟီရန် ဒီဇင်ဘာ ၂၆**
အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၆၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၆၁၈၁၇၈၄ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၄၄ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၃၁၃၀၆ ဦးရှိလာသည်။ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရသူပေါင်း ၆၀၂၂၁၅၀ ရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၂၇၉၆ ဦးရှိကြောင်း သိရသည်။



လက်ရှိတွင် အီရန်နိုင်ငံသား ၅၉၄၁၈၅၇၁ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်းနှင့် ၅၀၉၈၅၃၉၇ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံတွင် လူဦးရေ ၅၁၈၈၈၃၆ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ စတင်ကာ လက်ရှိအချိန်အထိ လူဦးရေ ၄၁၂၈၆၂၇၉ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်း ရှိ၊ မရှိ စမ်းသပ်စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## လက်ဘနွန်နိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၃၃ ဦးရှိ

**ဘေရွတ် ဒီဇင်ဘာ ၂၆**
လက်ဘနွန်နိုင်ငံ၌ လက်ရှိတွင် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၄၃၃ ဦးအထိရှိလာကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၁၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၇၁၁၂၅၉ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၅ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၉၀၂၇ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် လက်ဘနွန်နိုင်ငံ၌ နိုင်ငံလူဦးရေစုစုပေါင်း၏ ၃၅ ဒသမ ၃ ရာခိုင်နှုန်းသာလျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူရသေးကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## အစ္စရေး၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၁၁၈ ဦးရှိလာ

**ဂျေရုဆလင် ဒီဇင်ဘာ ၂၆**
အစ္စရေးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၅၉၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၁၁၈ ဦးရှိလာကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အစ္စရေးနိုင်ငံ၌ အဆိုပါအိုမီခရွန်ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူများအနက် ၇၂၃ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသည့် ခရီးသည်များဖြစ်ကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။

ထို့ပြင် အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၃၆၃၅၇၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် လာမည့်ရက်များတွင် လျင်မြန်စွာ မြင့်တက်လာမည်ဟုလည်း မျှော်လင့်ရကြောင်း အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၂၁ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဒီဇင်ဘာ ၂၆**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၃၇၂၁ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၃၉၂၀၂၀ ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ သိရသည်။

ရုရှားနိုင်ငံတစ်ဝန်း၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၉၆၈ ဦးထပ်မံတွေ့ရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၂၈၅ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၇၂၈၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၂၅၉၇၇၁ ဦးရှိလာကြောင်း သိရသည်။



ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးဒေသဖြစ်သည့် မြို့တော်မော်စကို၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၈၀ ရှိခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၁၉၆၀၂ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ရုရှားနိုင်ငံ၌ လူဦးရေ ၇၇ ဒသမ ၈ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၃ ဒသမ ၁ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



## အိန္ဒိယနိုင်ငံက အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အကြား အရွယ်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု ဇန်နဝါရီလတွင် စတင်မည်

**နယူးဒေလီ ဒီဇင်ဘာ ၂၆**

အိန္ဒိယနိုင်ငံ၌ အသက် ၁၅ နှစ်နှင့် ၁၈ နှစ်အကြား အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးမှုကို ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၆၀ အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုကို ဇန်နဝါရီ ၁၀ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဆက်လက်ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၄၇၈၆၈၀၂ ဦး ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၄၇၉၆၈၂ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၄၂၀၃၅၄ ဦးရှိကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည်လည်း နိုင်ငံတစ်ဝန်းတွင် ၄၂၂ ဦးအထိရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ **ကိုးကား - စီအင်န်အေ၊ ဘာသာပြန် - အလင်းသစ်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
| --- | --- | --- |
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၇၉၉၂၇၇၆၅ ဦး |
| | သေဆုံးသူ | ၅၄၁၅၁၉၅ ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၂၅၀၁၉၃၇၅၁ ဦး |





## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၂၁၈ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၂၆**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၂၁၈ ဦးထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၅၁၈၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၃၆ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် မြို့တော်ဟနွိုင်းသည် ကူးစက်ခံရသူ ၁၉၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပြီး တေနင်ပြည်နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၂၈ ဦး၊ ဗင်လောင်းပြည်နယ်၌ ၈၈၉ ဦး အသီးသီးရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၆၅၁၆၇၃ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၁၂၁၄ ဦးရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၈၅၅၆ ဦးရှိခြင်းကြောင့် အဆိုပါ ရောဂါမှပြန်လည်ကျန်းမာလာသူပေါင်း ၁၂၄၈၂၄၀ ရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကာကွယ်ဆေး အလုံးရေ ၁၄၅ ဒသမ ၆ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၆၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၆**

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၁၆၀ အား ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၃၈၄၀၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခု ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၁၅၆ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၃၀၀၄ ဦးမှာ ပြည်တွင်း၌ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၅ ဦး ထပ်မံသေဆုံးခဲ့သဖြင့် သေဆုံးသူ ၃၁၃၁၅ ဦးရှိလာသည်။

ထို့ပြင် မလေးရှားနိုင်ငံ ဘော်နီယိုပြည်နယ် ဆာယာဝက်စ်မြို့ရှိ အင်ဂျင်နီယာဆိုင်ရာလုပ်ငန်းများလုပ်ကိုင်သော ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းတစ်ဦး၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသည့် သံသယလက္ခဏာများစစ်ဆေးတွေ့ရှိသဖြင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း မလေးရှားကျန်းမာရေးဝန်ကြီး ခိုင်ရီဂျမာလူဒင်က ပြောကြားသည်။

ယင်းကိုဗစ်-၁၉ ရောဂါ သံသယလူနာသည် ပြည်ပသို့ ခရီးသွားလာခဲ့သော ခရီးသွားရာဇဝင်မရှိကြောင်း သိရသည်။ မလေးရှားနိုင်ငံအတွင်း လူအစုလိုက်အပြုံလိုက် အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများရှိနေနိုင်ကြောင်း ခိုင်ရီဂျမာလူဒင်က ပြောကြားသည်။ လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၄၅၉၁ ဦးရှိသည့်အနက် ၃၂၄ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များ၌ ကုသမှုခံယူနေပြီး ၁၇၅ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာတပ်ဆင်ထားရကြောင်း သိရသည်။ လူဦးရေ၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးစီး ခဲ့ပြီး ၇၈ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးစီးကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ၌ ငွေကျပ် သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိဘိန်းများ သိမ်းဆည်းရမိ


စောသူရအောင်အား သိမ်းဆည်းရမိသည့် ဘိန်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**

သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာတွင် ငွေကျပ် သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းများသိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက် ည ၁၂ နာရီတွင် သာစည်မြို့နယ် ကလော-သာစည်သွားကားလမ်း ကျွဲတပ်ဆုံကျေးရွာ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ကလောမှ သာစည်ဘက်သို့ စောသူရအောင် မောင်းနှင်လာသည့်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ တန်ဖိုးငွေကျပ် သိန်း ၃၁၀၀ ကျော်တန်ဖိုးရှိ ဘိန်း ၃၅၄ ကီလိုသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပျဉ်းမနား၊ ဟုမ္မလင်း၊ ပြင်ဦးလွင်နှင့် ရမည်းသင်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် မွန်းတည့် ၁၂ နာရီခွဲတွင် ပျဉ်းမနားမြို့နယ် ရွာသစ်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာအနီးတွင် ဇော်ဝင်း(ခ) ဇော်ဝင်းထွန်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ ဟုမ္မလင်းလေဆိပ်အနီးတွင် အောင်ဆန်းဝင်း(ခ)အောင်ဆန်း၊ ဖိုးကြီး၊ စောမင်းတင်(ခ)အိုက်ပါး၊ သန်းဇော်တို့ကို ဆိုင်ကယ်နှစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆၃ ပြား၊ ဘိန်းဖြူ သုည ဒသမ ၁၄၀၃ ကီလိုကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့နယ် လားရှိုး-မန္တလေးသွား ကားလမ်း ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျော်မင်းထက်(ခ) ကောက်ကွေး(ခ) ကျော်မျိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၂၉၀ ကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာမှ အမြန်လမ်းမကြီးသွားကားလမ်း မိုင်တိုင်အမှတ် (၁၂/၂)နှင့်(၁၂/၃)ကြားတွင် အောင်နိုင်ဌေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီတွင် ပူးပေါင်းအဖွဲ့သည် ရမည်းသင်းမြို့နယ် ရန်ကုန်- မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၅၀/၇)အနီးတွင် စိုးထိုက် ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ရခိုင်ပြည်နယ်သမဝါယမ အသင်းစုချုပ်(လီမိတက်)က ဆန်စပါးဝယ်ယူရောင်းချရေး လုပ်ငန်းများဆောင်ရွက်

**ကျောက်တော် ဒီဇင်ဘာ ၂၆**

ရခိုင်ပြည်နယ် သမဝါယမ အသင်းစုချုပ် (လီမိတက်) သည် တောင်သူများ စပါးပေါ်ချိန်တွင် သင့်တင့်မျှတသော စပါးဈေးနှုန်းများ ရရှိစေရန်၊ ဈေးကွက်တည်ငြိမ်မှုများရရှိစေရန်နှင့် အသင်းသားတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စပါးဝယ်ယူရောင်းချခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဧည့်မထ စပါးတစ်တင်းလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် စပါး ၄၁၈ တင်းဝယ်ယူခဲ့ပြီး ကျောက်တော်မြို့နယ် အသင်းစုချုပ်ပိုင် ကာဒီဆန်စက်တွင် သိုလှောင်ထားရှိသည်။

ထို့ပြင် စပါးလှိုင်လှိုင်ပေါ်ချိန်တွင် ဧည့်မထစပါးသာမက ပေါ်ဆန်းစပါးများကိုပါ ထပ်မံဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး အသင်းသားပြည်သူများနှင့် ဒေသအတွင်းရှိ စားသုံးသူပြည်သူများထံသို့ ဒေသပေါက်ဈေးထက် သက်သာသောနှုန်းထားများဖြင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၁၂-၂၀၂၁ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** နိုင်မြဲချစ်ကြည်သုဝဏ္ဏအားကစားရုံမှသည်
- **၀၉:၃၅** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၃၀** ရာဇဝင်ထဲကသမိုင်းအနုပညာ
- **၁၁:၃၅** ကြွေလည်းဝေဖြတမ်းတဆဲ
- **၁၂:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၄၈)
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** ဝေဟင်ထက်ကတာရုပ်ပြည်
- **၁၄:၅၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သင်္ချာဘာသာရပ်'
- **၁၆:၃၅** အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
- **၁၇:၁၅** This Week's Special Interest
- **၁၇:၃၅** ကျန်းမာရေးမဂ္ဂဇင်း
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အတိတ်ဒါးဒါး အချစ်ချိုချို**' (အပိုင်း-၁၀)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** လွှတ်လပ်ရေးနေ့ ဝုဏ်ပြုအစီအစဉ်
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ '**အဝေးဆုံးသောနေရာ**' (အပိုင်း-၁၀)
- **၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း '**ဆရာရှိသည်**'

သောကြာနေ့ ညတိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal SCAN ME

**mitv**

- **07:01** News
- **07:26** Global Partnership for Brighter Future: Brazil Pavilion at Expo 2020 Dubai
- **07:34** Myanmar Sculpture-work of Art
- **07:50** Kyeik Paw Law Pagoda
- **08:01** Myanmar Masterclass: Min Wae Aung
- **08:14** Buddha Image Built Of Bamboo Strip
- **08:26** Myanmar Traditional Instruments (MYANMA DRUM)
- **08:51** Yoghurt Vendor
- **09:01** A Visit to Yangon's Coastal Area -1
- **09:19** Discovering Tribes: "Maw Nay Bwa: their life and customs"
- **09:51** Coin Collectors
- **10:01** Myanmar Puppeteers (Duet Dance)
- **10:12** Today Myanmar

**MRTV NRC**

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ပဂျူးထမင်းကြော်နှင့်ကြက်သားသုပ်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စားလို့ကောင်းတဲ့ငှက်ပျောဖူးသုပ်

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တွေ့မြင်ခံစားကြာအင်းတောင်ပေါ်မှမြင်ကွင်းများ

**ချင်း (ဖလမ်) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလရဲရှိုးရာအလှ(အပိုင်း-၂)

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တစ်နှစ်တာတောင်ယာလုပ်ငန်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည့် အဝိမြန်မာပြည်(အပိုင်း-၁)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ငါးရံ့နှင့်ဒန့်သလွန်သီးချက်၊ ငရုပ်သီးကြိတ်နှင့်တို့စရာ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ရှမ်းခေါင်းပေါင်းပေါင်းနည်း

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
" ဝ " မိဘမဲ့ဘော်ဒါ

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာ ရိုးရာအိမ်ကလေး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားတို့စံပျော်ရာတောင်ပေါ်ဒေသ

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်၊ အလံ
- **၀၉:၁၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'စာနာတတ်သူတာဝန်ယူ'
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
- **၁၀:၁၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၂)
- **၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း
- **၁၁:၁၀** အတွေးအမြင် (အပိုင်း-၇)

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၁၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၁၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ်သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေသည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူလျက် မိမိတို့၏ တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကိုလည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေးအလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများ အပါအဝင် နိုင်ငံတော်မှ ဥပဒေအရ တားမြစ်ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ ရောက်ရှိသိမ်းဆည်းထားခြင်းများ ရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံကြပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ပေါက်မြို့ အောင်တော်မူရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းအား အကြမ်းဖက်သမား ပစ်ခတ်ခဲ့သည့် လက်လုပ်ဗုံးအပိုင်းအစများနှင့် ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။





ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်း၏ မှတ်တမ်းဓာတ်ပုံ။

**○ မကွေးတိုင်းဒေသကြီးမှ**

ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာမူလတန်းလွန်ကျောင်း၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ ကျောင်းဝင်းအတွင်း အနောက်ဘက်ခြံစည်းရိုးအုတ်တံတိုင်းနှင့် ၁၅ ပေခန့်အကွာ၌ အနက်ရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် အထုပ်တစ်ထုပ် တွေ့ရှိရသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အဆိုပါအိတ်အတွင်းမှ အလျား ရှစ်လက်မခန့်၊ အချင်း သုံးလက်မခန့်ရှိ PVC ပိုက်ဖြင့် ပြုလုပ်ထားပြီး စားပွဲတင်နာရီတစ်လုံးဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်ချိန်ကိုက်မိုင်းတစ်လုံး တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ် ဖောက်ခွဲဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ စာသင်ကျောင်းများအား လက်လုပ်မိုင်းအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ ကျောဖုံးမှ**

ရန်ကုန် -ပုသိမ်လမ်းနှင့် ရန်ကုန် – ညောင်တုန်းလမ်းတို့သည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ကို ဖြတ်၍ဖောက်လုပ်ထားသော ခြောက်လမ်းသွား ကွန်ကရစ်လမ်းမကြီးဖြစ်ပြီး စီးပွားရေးအရ အရေးပါသော လမ်းမကြီးတစ်ခုလည်းဖြစ်သည်။

**အများဆုံးလုပ်ကိုင်နေ**

လှိုင်သာယာမြို့နယ်သည် လူဦးရေအထူထပ်ဆုံးနှင့် စက်မှုဇုန်ကြီးများစွာ တည်ရှိရာ စက်မှုလက်မှုမြို့သစ်များဖြစ်ပြီး ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များနှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်အများဆုံးလုပ်ကိုင်နေသော နေရာဖြစ်သည်။ လူဦးရေများပြားလာ၍ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်နှင့် အနောက်ပိုင်းမြို့နယ်အဖြစ် ခွဲခြားသတ်မှတ်ထားပြီး ယင်းမြို့နယ်နှစ်ခုအတွင်း ဖြတ်သန်းနေသော ရန်ကုန်–ပုသိမ်လမ်းနှင့် ရန်ကုန်–ညောင်တုန်းလမ်းတို့၏ လမ်းဘေးဝဲယာရေစုကန်သည် ကျုံးရေသဖွယ် တည်ရှိနေရာ ရေစုကန်ရေမြောင်းကို အစဉ်သန့်ရှင်းကြည်လင်သာယာစေရန် သဘာဝရေဝေရေလဲတစ်ခုအဖြစ် တည်ဆောက်ပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အဆိုပါလမ်းမကြီးဘေးဝဲယာရှိ တရားမဝင်ကျူးကျော် မြေနေရာများကို သက်ဆိုင်ရာတာဝန်ရှိသူများက စနစ်တကျ ရှင်းလင်းခဲ့သဖြင့် လမ်းဘေးဝဲယာရှိအနက် ခြောက်ပေ၊ အကျယ် ပေ ၃၀ ရှိ ရေစုကန်များလည်း မူလအတိုင်း ပေါ်လွင်စွာ ထွက်ပေါ်လာရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ ပန်းဥယျာဉ်နှင့်အားကစားကွင်းများဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ ရေစီးရေလာစီမံခန့်ခွဲရေးဌာန စသည့်ဌာနများပူးပေါင်းဆောင်ရွက်လျက်ရှိရာ လမ်းဘေးဝဲယာရှိ ရေစုကန်နေရာကို သတ်မှတ်ဧရိယာအတိုင်း ပေါ်ထွက်လာရန် နုန်းနှင့် အမှိုက်များရှင်းလင်းခြင်း၊ ရေဆိုးထွက်ပေါက်များပြုပြင်ခြင်း၊ လူသွားစင်္ကြံလမ်းများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်း၊ ဘတ်စ်ကားမှတ်တိုင်ပတ်ဝန်းကျင်သာယာလှပစေရန် မြက်ခင်းပန်းအလှနှင့်အရိပ်ရပင်များ စိုက်ပျိုးခြင်း၊ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းစေရန် လမ်းညွှန်ဆိုင်းဘုတ်များပြုပြင်ခြင်း၊ လမ်းအမှတ်အသား ဆေးလိုင်းအသစ်များ ရေးဆွဲခြင်းများအပြင် အမှိုက်ကင်းရှင်းစေရန် နံနက် ၄ နာရီမှ ၆ နာရီအတွင်း လင်းပြောင်စနစ်ကျင့်သုံး၍ သန့်ရှင်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ – စောသိန်းဝင်း**

■





## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၆

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။

**မိုး/ဇလ**

# ဇွဲကပင်တောင်နှင့် ကြာအင်းတောင်ကြား ဘားအံမြို့ရှောင်လမ်း ဖောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး



**ဘားအံ ဒီဇင်ဘာ ၂၆**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီးခင်ဇော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက်ပိုင်းက ဇွဲကပင်တောင် နှင့် ကြာအင်းတောင်ကြား ဘားအံ မြို့ရှောင်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**စံချိန်စံညွှန်းများနှင့်အညီ**

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ဘားအံမြို့ ရဲသာကျေးရွာ အုပ်စု၊ မြို့ရှောင်လမ်း ဖောက်လုပ် ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိ ပြီး ဘားအံမြို့ရှောင်လမ်း၊(၂ ဒသမ ၇၇၅ ကီလိုမီတာ - ၅ ဒသမ ၁ ကီလိုမီတာ) အတွင်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေနှင့် ဇွဲကပင်တောင်နှင့် ကြာအင်း တောင်ကြား ရဲသာကျေးရွာအုပ်စု မှ လှာကဒေါင်ကျေးရွာအုပ်စုသို့ ဘားအံမြို့ရှောင်လမ်း (၂ ဒသမ ၇၇၅ ကီလိုမီတာ -၅ ဒသမ ၁ ကီလို မီတာ) အတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ များကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လမ်းရေရှည်တည်တံ့ ကောင်းမွန်ရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်း များ၊ မြေထိန်းနံရံများ စနစ်တကျ ထည့်သွင်း ဆောင်ရွက်ပေးရန်၊ သတ်မှတ် စံချိန်စံညွှန်းများနှင့် အညီ အချိန်မီပြီးစီးအောင်ဆောင် ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေကျော်-လှိုင်းပုံ-လှာကမြင် လမ်းပိုင်း အရှည် ၁ မိုင် ၃ ဖာလုံကို ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး နှင့် ဘားအံမြို့ လှာကမြင်ကွက် သစ်ရှိ ဇွဲကပင်အားကစားကွင်း ပွဲကြည့်စင် တည်ဆောက်ခြင်း လုပ်ငန်းနှင့် Synthetic ပြေးလမ်းမီတာ ၄၀၀ ခင်းခြင်း လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

---

# ပဲခူးမြို့အား တိုင်းမြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းပိုင်းအလိုက် အဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေး

**ပဲခူး ဒီဇင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက် ပိုင်းက ပဲခူးမြို့အား တိုင်းဒေသ ကြီး မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းပိုင်းအလိုက် အဆင့်မြှင့်တင် နေမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

**အရိပ်ရသစ်ပင်များစိုက်ပျိုး**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့အတွင်းရှိ ကျိုက်ပွန်ဘုရားလမ်းအား လမ်း ဧရိယာ ပေ ၁၅၀ အကျယ် လမ်းချဲ့ နေမှုနှင့် ပြန်လည် အဆင့်မြှင့်တင် ပေးနိုင်ရေး ဆောင်ရွက်နေမှုအခြေ အနေများကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ရှေးဟောင်းသမိုင်းဝင် ကျိုက်ပွန်ဘုရား ဘုရားပွဲတော် ကျင်းပရာ အဓိကလမ်းမကြီး တစ်ခုဖြစ်၍ သတ်မှတ်ချက်များ အတိုင်း အချိန်မီပြီးစီးရေး၊ အရိပ်ရ သစ်ပင်များ စိုက်ပျိုးရန်နှင့် လမ်း မီးများ ထွန်းလင်းစေရေး တာဝန်ရှိ သူ အဆင့်ဆင့်က ကြီးကြပ်ဆောင် ရွက်သွားရန် မှာကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နာရဏီ သိမ်လမ်း၊ ဦးကျင်အောင်လမ်းနှင့် ဒေါနလမ်းတို့အား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင် ဆောင်ရွက် နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လမ်းတစ်ခုတွင် ပါဝင်ရမည့် ရေနုတ်မြောင်းများ၊ အရိပ်ရ သစ်ပင်များ၊ လမ်းညွှန်ဆိုင်း ဘုတ်များနှင့် လမ်းမီးတိုင်များ တစ်ပါတည်းပြီးစီးရန် သက်ဆိုင် ရာ တာဝန်ရှိသူများအား မှာကြား သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူး တက္ကသိုလ်နှင့် လိပ်ပြာကန်နှင့် ဟံသာဝတီရှေးဟောင်းကျုံး ပြန် လည်အဆင့်မြှင့်တင်နေမှုတို့အား သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

---

# ဒီဇင်ဘာ အားကစားလ စုပေါင်းကိုယ်လက် လှုပ်ရှားမှု လေ့ကျင့်ခန်း ဆောင်ရွက်

**မော်လမြိုင် ဒီဇင်ဘာ ၂၆**

ပြည်သူများ ကိုယ်ကာယ ကျန်းမာ ကြံ့ခိုင်မှုရှိမှသာ လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်စေ မည့် ရည်ရွယ်ချက်ဖြင့် စုပေါင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့် ခန်း ဆောင်ရွက်ခြင်းကို ယနေ့ နံနက် ၆ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် ကမ်းနားလမ်း ရေပေါ် ညစျေးနေရာတွင် ကျင်းပ သည်။

မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်) သင်တန်းနည်းပြ များနှင့်သင်တန်းသူများ၊ ပညာရေး ကောလိပ် သင်တန်းသူများ၊ သူနာပြု သင်တန်းသူများနှင့် ဒေသခံ အားကစားဝါသနာရှင်များ စုပေါင်းပါဝင် ဆင်နွှဲကြသည်။

**တပျော်တပါးလှုပ်ရှား**

စုပေါင်းကိုယ်လက်လှုပ်ရှားမှု ကို အားကစားနှင့် ကာယပညာ သိပ္ပံ (မော်လမြိုင်)မှ သင်တန်း နည်းပြများက ကျန်းမာရေး အထောက်အကူ ပြုစေရေး အားကစားနည်း လေ့ကျင့်ခန်း အတွဲ (၁)၊ (၂)၊ (၃)ကို စိတ်ပါဝင် စားစွာ လိုက်ပါကစားနိုင်အောင် သရုပ်ပြပေးရာတွင် ပါဝင် ကစားသူများသည် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများနှင့်အညီ တပျော် တပါး စုပေါင်းလှုပ်ရှား ကစားကြ သည်။

**ဇာဖြူဝင်း (ပြန်/ဆက်)**

---

# (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပြပွဲ၊ ပြိုင်ပွဲ ကျင်းပ

**မဘိမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့ အခြေခံပညာအထက်တန်း ကျောင်းတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစား ပြိုင်ပွဲများကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည်။

အားကစားပြိုင်ပွဲများတွင် မဘိမ်းမြို့ အခြေခံပညာအထက်တန်း ကျောင်းရှိ မူလတန်းအောက်ဆင့် ကျောင်းသား ကျောင်းသူများအား ပူဖောင်းနင်းပြိုင်ပွဲ၊ ကွမ်းသီးကောက်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ စာအုပ်ရွက်ပြိုင်ပွဲ၊ မူလတန်းအထက်ဆင့်၌ ထုပ်ဆီးတိုးပြိုင်ပွဲနှင့် ဂုန်နီအိတ်စွပ်(ကျား+မ) ပြိုင်ပွဲများကိုလည်းကောင်း၊ အလယ်တန်း ဆင့် ကျောင်းသား ကျောင်းသူများအတွက် ဂုန်နီအိတ်စွပ် (ကျား)၊ ထုပ်ဆီးတိုး(မ)၊ လွန်ဆွဲ(ကျား+မ) အသင်းလိုက်ပြိုင်ပွဲများကိုလည်း ကောင်း၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် လွန်ဆွဲ(ကျား+မ) အသင်းလိုက်ပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲများ ကို ပျော်ရွှင်စွာကျင်းပခဲ့ပြီး ဆုရရှိသူများအား (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**



---

**ကော့သောင်း**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဉာဏစွမ်းရည်ပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက ကော့သောင်း ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ကော့သောင်းမြို့ ရွှေမင်းဝံအထကခွဲ ကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန တာဝန်ရှိသူများက အမှတ်တရလက်ဆောင် များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

---

**ထန်းတပင်**

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ချစ်ကြည်ရေးပျော်ပွဲရွှင်ပွဲ (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် မြို့မအားကစားကွင်းတွင် ဒီဇင်ဘာ ၂၅ ရက်မှ စတင်ကာ ကျင်းပလျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယ ပညာဦးစီးဌာနမှ သိရသည်။

အဆိုပါ (အလွတ်တန်း) ဖူဆယ်ဘောလုံးပြိုင်ပွဲကို အသင်း ရှစ်သင်း ပတ်လည်စနစ်ဖြင့် အုပ်စု (၂) အုပ်စုခွဲကာ ယှဉ်ပြိုင်ကစား လျက်ရှိပြီး ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သလို ပြိုင်ပွဲသို့လည်း မြို့ပေါ်ရပ်ကွက်အတွင်းရှိ လူငယ်များနှင့် ကျေးရွာများရှိလူငယ်များမှ အသင်းများဖွဲ့ကာ ပါဝင် ယှဉ်ပြိုင်ကစားခဲ့ကြလျက်ရှိကြောင်း သိရသည်။

အဆိုပါအလွတ်တန်းဖူဆယ် ဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်း ၌ မျိုးဆက်သစ်လူငယ်ကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲကိုကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာကျင်းပ ခြင်းဖြစ်ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မုန်းချောင်းအား ဖြတ်သန်းသွားလာနိုင်ရန် ပွင့်ဖြူမြို့နယ် မင်းဇံကျေးရွာနှင့် ဘူးသည်ကျေးရွာကြား ယာယီတံတားဆောက်

**ပွင့်ဖြူ ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မင်းဇံကျေးရွာနှင့် ဘူးသည်ကျေးရွာကြားရှိ မုန်းချောင်းအား ဒေသခံပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် စေတနာအလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် ကျေးရွာနေပြည်သူများက စုပေါင်း၍ ယာယီတံတား ဆောက်လုပ်လျက်ရှိရာ ယမန်နေ့က ရာနှုန်းပြည့် ဆောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် မင်းဇံကျေးရွာရှိ ဒေသခံပြည်သူများထံမှ သိရသည်။

မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာနေပြည်သူများအနေဖြင့် ယခုလို ပွင့်လင်းရာသီရောက်ရှိလာသည့်အချိန်တွင် ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးလူးဖြတ်သန်းသွားလာနိုင်ရန်၊ ကျေးလက်နှင့် မြို့ပြ အချိန်ကုန်လူပင်ပန်းသက်သာစွာ သွားလာနိုင်ရေးအတွက် ကျေးရွာနေပြည်သူများ စုပေါင်းကာ မုန်းချောင်းအား ယာယီဝါးတံတား ဆောက်လုပ်၍ သွားလာကြရကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ဟာ မုန်းချောင်းရေ ရစ်ခွေစီးဆင်းနေတဲ့ မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ဒါ့ကြောင့် မုန်းချောင်းဘေးတစ်လျှောက်က ကျေးရွာတွေဟာ သွားလာရေးအခက်အခဲမဖြစ်စေရေးအတွက် ပွင့်လင်းရာသီရောက်တဲ့အချိန်မှာ အများစုပေါင်းပြီး မုန်းချောင်းကို ယာယီဝါးတံတား ဆောက်လုပ်ကြပြီးတော့ ကူးလူးဖြတ်သန်း သွားလာကြတာဖြစ်ပါတယ်။ မင်းဇံ-ဘူးသည်ကျေးရွာကြားရှိ မုန်းချောင်း ယာယီဝါးတံတားက အရှည်ပေ ၄၆၀ ရှိပြီး ဆောက်လုပ်ပြီးစီးသွားပြီဖြစ်လို့ ဒေသခံပြည်သူများအနေနဲ့ တစ်ရွာနှင့်တစ်ရွာ လွယ်လင့်တကူ ဖြတ်သန်းသွားလာနိုင်မည့်အပြင် ပွင့်ဖြူမြို့ကိုလည်း အချိန်တိုအတွင်း သွားလာနိုင်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် မင်းဇံကျေးရွာမှ ဒေသခံပြည်သူ ဦးဘိုဌေးက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်သည် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက် အပါအဝင် ကျေးရွာအုပ်စု ၅၆ အုပ်စုရှိကာ ကျေးရွာပေါင်း ၂၀၅ ရွာရှိပြီး မုန်းချောင်းရေသည် မြို့အနီးမှ ရစ်ခွေစီးဆင်းလျက်ရှိ၍ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေဖူလုံ၍ နွေ၊ မိုး၊ ဆောင်း ရာသီမပြတ် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားဖြစ် လုပ်ကိုင်ကြကြောင်းလည်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**






## ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့နိုင်စေရန်ရည်ရွယ်၍ နောင်ချိုမြို့နယ်တွင် မီးရထားခရီးစဉ် ဖွင့်လှစ်

**နောင်ချို ဒီဇင်ဘာ ၂၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့နိုင်စေရန်ရည်ရွယ်၍ မီးရထားခရီးစဉ်များ စီစဉ်ဖွင့်လှစ်ခဲ့ရာ ယမန်နေ့က ရှမ်းပြည်နယ် (မြောက်ပိုင်း) ၏ အထင်ကရဖြစ်သော ရှေးဟောင်းသမိုင်းဝင် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးသို့ မန္တလေး-လားရှိုး ရထားလမ်းပိုင်းမှ ၁၃၁ အဆန်မီးရထားဖြင့် စီးနင်းလိုက်ပါ၍ လာရောက်လည်ပတ်သော ပြည်တွင်းခရီးသွားဧည့်သည်များအား ဒေသခံတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှု အတီး၊ အမှုတ်၊ အကအလှများဖြင့် ကြိုဆိုခဲ့ကြသည်။

မြန်မာ့မီးရထားလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးစိုင်းသော်လင်း၊ အထက်မြန်မာပြည် အုပ်ချုပ်ရေးဌာန၊ မြန်မာ့မီးရထားနှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးစံသာအောင်၊(သွား/လာ) တိုင်းအမှတ်(၃) မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး၊ လားရှိုးရုံးခွဲ(တာဝန်ခံ) နှင့် တာဝန်ရှိသူများ၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ကြိုဆိုနှုတ်ဆက်အားပေးခဲ့ကြသည်။

**တနင်္ဂနွေနေ့တိုင်း**

အဆိုပါ မီးရထားခရီးစဉ်ဖြင့် ပြည်တွင်း ခရီးသွားဧည့်သည် ၁၄၀ လိုက်ပါစီးနင်းခဲ့ကြပြီး ရထားခရီးစဉ်အား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပုံမှန်ပြေးဆွဲ၍ ပြင်ဦးလွင်မှ နံနက် ၈ နာရီခွဲမှ စတင်ထွက်ခွာလာပြီး ဂုတ်ထိပ်သို့ နံနက် ၁၁ နာရီခွဲ ရထားဆိုက်ရောက်ကာ ခရီးသည်များ လည်ပတ်သွားလာချိန် တစ်နာရီ လည်ပတ်ခွင့်ပေး၍ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည် ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာ့ခရီးသွားလုပ်ငန်းအား ပြန်လည်ဦးမော့လာနိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**ထွေးငယ် (ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ


ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၆**
တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၀၄၇ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၁၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅၈၉ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၄၄၁၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၄၅၀ နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဒေသခံပြည်သူ ၅၅၉ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ်နှင့် နမ့်ဆန်မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၇၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၂၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တပ်မတော်(လေ)မှ လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

**ပို့ဆောင်ပေး**


ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ဆေးတစ်လုံးလျှင် လူနှစ်ဦးထိုးနိုင်သော Sinovac ကာကွယ်ဆေးများနှင့် လူငါးဦးထိုးနိုင်သော Sinopharm ကာကွယ်ဆေးများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ Sinovac ကာကွယ်ဆေး အလုံး ၃၀၀၀၀၀ နှင့် ဆေးထိုးအပ်များ၊ ရန်ကုန်တိုင်းဒေသကြီးသို့ Sinovac ကာကွယ်ဆေး အလုံး ၃၀၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့သို့ Sinopharm ကာကွယ်ဆေးအလုံး ၂၅၆၀၀၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ Sinopharm ကာကွယ်ဆေးအလုံး ၁၂၄၆၀၊ နေပြည်တော်ကောင်စီနယ်မြေသို့ Sinopharm ကာကွယ်ဆေးအလုံး ၁၆၀၀၀ နှင့် ဆေးထိုးအပ်များ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့သို့ Sinopharm ကာကွယ်ဆေးအလုံး ၂၀၀၀၀၊ ကရင်ပြည်နယ် ဘားအံမြို့သို့ Sinopharm ကာကွယ်ဆေးအလုံး ၁၄၄၀ နှင့် Sinovac ကာကွယ်ဆေး အလုံး ၁၅၀၀၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ Sinopharm ကာကွယ်ဆေးအလုံး ၁၆၀၀၀ နှင့် ဆေးထိုးအပ်များ၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ Sinovac ကာကွယ်ဆေး ၉၅၉၂၈ လုံးနှင့် ပြည်မြို့သို့ Sinovac ကာကွယ်ဆေး ၅၄၀၇၂ လုံး၊ မကွေးတိုင်းဒေသကြီး မကွေးမြို့သို့ Sinovac ကာကွယ်ဆေးအလုံး ၂၅၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်းနှင့် သက်ဆိုင်ရာသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၆-၁၂-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti-inflammatory | | | | |
| 1 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 2 | Injection- Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 3 | P.O Favipiravir 400 mg | 2 x 10 Tablet | 50000 | AA Medical |
| 4 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 5 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 6 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 7 | P.O Paracetamol 500 mg | 10 x 10's tablets/ Box | 1500 | AA Medical |
| 8 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 9 | P.O Bromhexine | 10 x 10's tablets/ Box | 1000 | Medi Myanmar |
| 10 | P.O Cetrizine | 10 x 10's/ Box | 2200 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ပုံပြင်

# ဝမ်းထဲက မြွေ

**မင်းယုဝေ**

**(ယခင်အပတ်မှအဆက်)**

ထိုကြုံးဝါးသံကို အနီးရှိ တောင်ပို့ကြီးတစ်ခုတွင် နေသော မြွေကြီးတစ်ကောင်က ကြားသွားပါသည်။ ထိုအခါ မြွေကြီးက တွင်းဝသို့ထွက်၍ "ဟယ်...မြွေဖျင်း၊ သင်သည် လူတို့ဖန်တီးစီစဉ်ထားသည့်အစာကိုသာ စားရသူဖြစ်သည်။ အစွမ်းသတ္တိ ဘာမျှမရှိ။ သို့ပါလျက် ငါ့တောခွဲကျက်စားရန် ကြံသလော၊ သင် ထွက်လာပါက မုချသေမည်မှတ်လော့"ဟူ၍ ဆိုပါသည်။

ဤတွင် မင်းကြီးဝမ်းတွင်း၌နေသော မြွေကြီးက "ဟယ်..မြွေရိုင်း၊ ငါ့ကို မြွေသာမညဟု သင်မှတ်သလော။ ငါသည် ဘုရင်စားသော အစာကောင်းဟူသမျှကို စားရသူဖြစ်သည်။ ခွန်အားလည်းကြီးသည်။ ဘုန်းတန်ခိုးလည်း ကြီးသည်။ တောတွင်း၌နေကာ ပိုးမွှားတိရစ္ဆာန်ကိုသာ စားသောက်နေရသော သင်နှင့် ငါသည် အဖက်မဟုတ်"ဟု ပြောဆိုပါသည်။

ထိုအခါ တောင်ပို့နေ မြွေကြီးက "ဟယ်..မြွေမိုက်၊ နင် ဝမ်းတွင်း၌ ရှိနေသည်ကို မင်းကြီး မသိ၍သာ နင်အသက်ရှည်စွာနေရသည်။ အကယ်၍ သိပါမူ ယခု မင်းကြီး ခေါင်းရင်းပြု၍ အိပ်သောသစ်ပင်ကိုနုတ်၍ အမြစ်ကို ညက်စွာ ကြိတ်ပြီးသောက်လျှင် သင် အပိုင်းပိုင်းပြတ်၍ သေလိမ့်မည်။ မင်းကြီး အိမ်သာသွားသောအခါ သင့်အသေကောင်သည် မစင်နှင့်အတူ ရောပါလာလိမ့်မည်" ဟု ဆိုပါသည်။ ဝမ်းတွင်းနေ မြွေကြီးကလည်း "ဟယ်...မြွေပြိတ္တာ၊ ငါသေရသောအကြောင်းကိုသာ နင်သိသည်မဟုတ်။ နင်သေရသောအကြောင်းကိုလည်း ငါသိသည်။ နင်သည် ရှေးအခါက ဥစ္စာများသော ကုန်သည်ကြီး ဖြစ်ခဲ့သည်။ အလှူကောင်းမှု မပြုရက်ဘဲ စေးနှဲဝန်တိုလှသောကြောင့် သေသောအခါ နင်မြှုပ်ထားသော ဥစ္စာတို့ကို စောင့်နေရသည့် မြွေပြိတ္တာ ဖြစ်နေသည်။ သည်အကြောင်းကို မင်းကြီးသိခဲ့လျှင် နင့်ကိုသတ်၍ တောင်ပို့တွင်း၌ရှိသော ဥစ္စာတို့ကိုတူးယူမည် မုချဖြစ်သည်။ ထိုသို့သတ်ခဲ့လျှင် နင် ဘယ်သို့ ပြေးနိုင်အံ့နည်း" ဟု ဆိုပါသည်။

သည်လိုအချင်းချင်း မကောင်းဆိုကြပြီးလျှင် မင်းကြီး၏ခံတွင်းဝရှိမြွေသည် ဝမ်းတွင်းသို့ ပြန်ဝင်သွားပါသည်။ တောင်ပို့တွင်းဝရှိ မြွေကြီးသည်လည်း တောင်ပို့တွင်းသို့ ပြန်ဝင်သွားပါသည်။

မြွေနှစ်ကောင် ပြောဆိုသော စကားကို မိဖုရား ကြားသွားပါသည်။ မိဖုရားသည် တိရစ္ဆာန်တို့ ပြောဆိုသည့် ဘာသာအထူးအပြားကို နားလည်သူဖြစ်သဖြင့် မြွေတို့ပြောစကားကို ကောင်းစွာသိရှိနားလည်လိုက်ပါသည်။ ဤတွင် မိဖုရားသည် မင်းကြီးကိုနှိုး၍ တောင်ပို့အနီးတွင် အားရဝမ်းသာစွာဖြင့် လက်ယှက်ချိုး၍ ကပါသည်။ သည်အဖြစ်ကို အကြောင်းပြု၍ "စိတ်နှစ်လိုသော် တောင်ပို့၌ လက်ယှက်က၏" ဟူ၍ ဆိုစမှတ်ပြုကြပါသည်။

ဤသို့ မိဖုရား က,သည်ကို မင်းကြီး မြင်သောအခါ "ငါ့မိဖုရား တစ်ခါမျှ မကစဖူး၊ ယခု အဘယ့်ကြောင့် ကပါသနည်း" ဟု မေးပါသည်။

မိဖုရားက ဖြစ်ပျက်ပုံအလုံးစုံကို ပြောပြပါသည်။

"ဝမ်းသာလွန်းသဖြင့် ကမိခြင်း ဖြစ်ပါသည် အရှင်" ဟူ၍လည်း ပြောဆိုပါသည်။ ထို့နောက် မင်းကြီး၏ ခေါင်းရင်းနား၌ရှိသောဆေးပင်ကို နုတ်ပါသည်။ အမြစ်ကို ကြိတ်ပြီးလျှင် မင်းကြီးအား သောက်စေပါသည်။ ဆေးကို သောက်သော ခဏ၌ပင် ဝမ်းတွင်း၌နေသော မြွေကြီးသည် အပိုင်းပိုင်းပြတ်၍ သေကာ သက်ဆင်းကျသွားပါသည်။ မင်းကြီးလည်း ချက်ချင်းပင် ပကတိချမ်းသာရာ ရသွားပါသည်။

ထိုနေ့မှာပင် မင်း၊ မိဖုရား နှစ်ပါးတို့သည် ဝမ်းမြောက်ကြည်ရွှင်စွာဖြင့် ပြည်သို့ ပြန်လာပါသည်။ နန်းတော်သို့ဝင်ကာ ယခင်ကကဲ့သို့ ပြန်လည်မင်းပြုနေထိုင်ပါသည်။

မှူးမတ်ဗိုလ်ပါအပေါင်းတို့သည် မင်းကြီး အနာရောဂါမှပျောက်ကင်းလျက်ရှိသည်ကို အံ့ဩစွာတွေ့ရှိကြပါသည်။ သူတို့သည် အကြောင်းရင်းကို မမေးဝံ့ကြ။ ဝပ်စင်းလျက် အချင်းချင်း တီးတိုးမေးမြန်းပြောဆို၍သာ နေကြပါသည်။ ထိုအခါမင်းကြီးက အကြောင်းစုံကိုလည်းကောင်း၊ မိဖုရား၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း ထုတ်ဖော်ပြောပြပါသည်။ အားလုံးပင် အံ့ဩဝမ်းသာမဆုံး ရှိကြပါသည်။

ထို့နောက် မင်းကြီးက မှူးမတ်ဗိုလ်ပါတို့အား တောင်ပို့ရှိရာသို့ လမ်းညွှန်လိုက်ပါသည်။ "သင်တို့သွား၍ မြွေကိုသုတ်သင်ကာ ရွှေငွေဥစ္စာတို့ကို ယူဆောင်ခဲ့ကြလော့" ဟူ၍လည်း မိန့်တော်မူပါသည်။ မှူးမတ်ဗိုလ်ပါအပေါင်းသည် ဘုရင့်အမိန့်တော်အတိုင်းပင် တောင်ပို့သို့သွားကြပါသည်။ မြွေကြီးကို သတ်ကာ ရွှေငွေဥစ္စာတို့ကို ဆောင်ယူခဲ့ကြပါသည်။

"အရှင်မင်းမြတ်၊ ထို့ကြောင့် သည်လောက၌ တစ်ယောက်အပြစ်ကို တစ်ယောက် ဖော်ပြကဲ့ရဲ့ပြောဆိုခြင်း မပြုသင့်ပါ။ အကယ်၍ပြုပါက ထိုသူနှစ်ဦးလုံးပင် အပြစ်ရောက်၍ ပျက်စီးတတ်ပါသည်။ တစ်ယောက်အပြစ်ကို တစ်ယောက်ရှာခြင်းသည် မိမိတို့၏ပျက်စီးရာ ပျက်စီးကြောင်းကို မိမိတို့ပင် ရှာသည် မည်ပါသည်"

ဤသို့လျှင် လုလင်က ပြောပြလျှောက်ထားရာ ဘေဒကမင်းကြီးသည် အလွန်နှစ်သက် သဘောကျလေသည်။

"မောင် သူဌေးသမက်၊ သင်သည် ပညာရှိပေသည်။ ပညာရှိသဖြင့်လည်း စကားထူးကို ဆိုနိုင်ပေသည်။ သင်၏ စကားသည် ငွေအသပြာတစ်ထောင်မက ရွှေစင်တစ်ထောင်ပင် တန်ပေသည်" ဟူ၍ ချီးကျူးပြောဆိုလေသည်။

ထို့နောက် လုလင်အား ရွှေစင်တစ်ထောင်ကို ဆုလာဘ်အဖြစ် ပေးအပ်ချီးမြှင့်လိုက်လေ၏။ ။

■

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ် စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ


### ရွှေလှိုင်း ငွေလှိုင်း

ဝါဝါလျှမ်းလျှမ်း၊ ပိတောက်ပန်းလည်း
လန်းလန်းစွင့်စွင့်၊ ဟိုပင်မြင့်ထက်
လေပင့်လိုက်တိုင်း၊ ဘယ်ညာကိုင်း၍
ရွှေသိုင်း ရွှေသိုင်း ဝင့်တော့သည်။
ဖြူဖြူဖွေးဖွေး၊ စံပယ်မွှေးလည်း
လေသွေးရာနှံ့၊ သင်းပျံ့ပျံ့နှင့်
ရနံ့မရိုင်း၊ ရှုရာတိုင်းဝယ်
ငွေဆိုင်း ငွေဆိုင်း ဆင့်တော့သည်။
ငြိမ်းငြိမ်းချမ်းချမ်း၊ နိုင်ငံဝှမ်းဝယ်
ဘေးကျန်းကွာစင်၊ ပျော်မှုဆင်၍
ကြည်ရွှင်စေကြောင်း၊ ပန်ဆုတောင်းမိ
သွန်းလောင်းရေကြည်၊ ဤသို့ ရည်သော်
မြန်ပြည်အေးချမ်း၊ ဤနှစ်ဆန်းဝယ်
ရွှေပန်း ငွေပန်း ပွင့်တော့မည်။
ရှုတိုင်းမျှော်ရာဝယ်၊ ရွှေလှိုင်းငွေလှိုင်းတင့်လှသည်။
တို့တိုင်းပြည်ရွာဝယ်၊ ရွှေနန်းငွေနန်း မြင့်ကြမည်။

**ငွေတာရီ**

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘဝ

# လူငယ်များ ရည်မှန်းချက်ကြီးမားသူဖြစ်ဖို့

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

မိမိဘဝ မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်း ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိဖို့ အပတ်တကုတ် ကြိုးပမ်းအားထုတ်မှု ပြုဖို့လိုပါတယ်။ မိမိအိပ်မက်၊ မိမိဆန္ဒတွေကို အကောင်အထည်ဖော်ဖို့အရေးမှာ ထက်ထက်သန်သန် လုပ်ချင်ကိုင်ချင်စိတ်ရှိဖို့က အလွန်အရေးပါတဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ရည်မှန်းချက်ကြီးမားမှုကသာ ကိုယ်ဖြစ်ချင်ရာကို တစိုက်မတ်မတ် အာရုံစိုက်ဆောင်ရွက်မှုပြုစေမှာ ဖြစ်ပါတယ်။

**ရည်မှန်းချက်ကြီးမားခြင်းဆိုတာ ဘာလဲ**

လိုချင်တောင့်တစိတ်ရှိပြီး အဲဒီတောင့်တတဲ့အရာကို မဆုတ်မနစ်ရအောင် ကြိုးပမ်းဆောင်ရွက်မယ်လို့ ဆန္ဒပြုခြင်းပဲ ဖြစ်ပါတယ်။ ရည်မှန်းချက်ကြီးမားတဲ့သူတွေဟာ သူတို့လုပ်ငန်း၊ သူတို့ဘဝမှာ အောင်မြင်မှုရရှိအောင် အားစိုက်၊ အာရုံစိုက် လုပ်ကိုင်လေ့ရှိတတ်ကြတယ်။ ရည်မှန်းချက်နဲ့ မလွဲအောင် သူတို့ရင်တွင်းမှာ ဆန္ဒအင်အား ပြင်းထန်တဲ့သူတွေ ဖြစ်ကြတယ်။

**ဘာဖြစ်လို့ ရည်မှန်းချက်ရှိခြင်းက အရေးကြီးသလဲ**

မိမိဘဝ လိုအင်ဆန္ဒဖြည့်ဆည်းရာမှာ ရည်မှန်းချက်က အရေးပါတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ ကြီးမားတဲ့ ရည်မှန်းချက်ပန်းတိုင် အတော်များများဟာ ဖြည့်ဆည်းနိုင်ဖို့၊ အလှမ်းမီဖို့ အလွန်ခက်ခဲပါတယ်။ ရည်မှန်းချက် တစ်နည်းပြောရရင် လိုချင်တပ်မက်စိတ် ပြင်းထန်မှု၊ တစိုက်မတ်မတ် အာရုံပြုနေမှသာ အလှမ်းမီနိုင်တဲ့အနေအထား ရှိတတ်ပါတယ်။ ရည်မှန်းချက်များကို သေချာစွာ အာရုံပြုစူးစိုက်နိုင်မှသာ ရည်မှန်းချက် ပြည့်မီနိုင်မယ့်လမ်းကို မြင်ပြီး စိတ်ကူးအိပ်မက်ကို အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

**ရည်မှန်းချက် ကြီးမားအောင် ဘယ်လိုလုပ်မလဲ**

(၁) မိမိကိုယ်ကို ယှဉ်ပြိုင်ပါ။

တစ်ပါးသူတွေရဲ့ စွမ်းဆောင်မှုတွေကို အာရုံစိုက်နေမယ့်အစား မိမိဘဝ၊ မိမိအသက်မွေးဝမ်းကျောင်းလုပ်ငန်း မြှင့်တင်ရေးကို အဓိကအာရုံစိုက်ပါ။ သင့်ရဲ့ အကြီးဆုံးပြိုင်ဘက်ဟာ သင်ပဲဖြစ်သင့်ပါတယ်။ ဆန်းသစ်တဲ့ လုပ်ငန်းဆောင်ရွက်နည်းတွေကို ကြံဆပါ။ မိမိကြိုးပမ်းအားထုတ်မှုကို မြှင့်တင်ပါ။ မိမိလုပ်ငန်းမြှင့်တင်ရေးကို စိန်ခေါ်ချက်အဖြစ် သတ်မှတ်ပြီး ကျားကုတ်ကျားခဲ ကြိုးစားလုပ်ပါ။ တခြားသူတွေရဲ့ အလုပ်ထက် မိမိအလုပ် မိမိဘဝကို အဓိက အာရုံစိုက်ရင် ရည်မှန်းချက်ယိမ်းယိုင်စရာ အကြောင်းတရား နည်းပါးသွားပါမယ်။

(၂) မိမိကိုယ်ကို ရည်မှန်းချက်ကြီးမားသူတွေနဲ့ ဝန်းရံပါ။

မိမိကိုယ်ကို ရည်မှန်းချက်ကြီးမားသူတွေနဲ့ ဝန်းရံရင် မိမိလည်း သူတို့ဓာတ်ကူးပြီး ရည်မှန်းချက်ကြီးမားလာမှာ ဖြစ်ပါတယ်။ သူတို့ကို ရည်မှန်းချက်ကြီးမားစေတဲ့အကျင့်၊ အကြောင်းတရားနှင့် အကြံအစည် ဖြစ်စဉ်ဘဝတွေကို သိလာပါမယ်။ ဆရာသမားတစ်ယောက်၊ မိတ်ဆွေကောင်းတစ်ယောက်နဲ့ နည်းပေးလမ်းပြပြုနိုင်ကောင်းသူတို့ကို ရှာဖွေရာမှာ မိမိရောက်ရှိချင်တဲ့အဆင့်ကို ရောက်ရှိပြီးသူများနဲ့ ချိတ်ဆက်မိဖို့ လိုအပ်ပါတယ်။ သူတို့က သင်တက်လှမ်းချင်ရာအဆင့်ကိုရောက်ဖို့ နင်းရမယ့်တုံးတွေကို ညွှန်ပြနိုင်စွမ်း ရှိကြပါတယ်။

(၃) ပန်းတိုင်များကို အဆက်မပြတ် ချမှတ်ပါ။

ရည်မှန်းချက်တစ်ခု ရောက်ရှိတာနဲ့ နောက်ထပ်ပန်းတိုင်တစ်ခုကို ချမှတ်ပါ။ အဲဒီလို ပြုလုပ်ခြင်းအားဖြင့် သင်ဟာ မိမိကိုယ်ကို ပိုမိုကောင်းမွန်အောင် ကြိုးစားအားထုတ်ရာ ရောက်ပါတယ်။ ပန်းတိုင်ချမှတ်တဲ့အခါမှာ လိမ္မာပါးနပ်ပါ။

- ရေတိုပန်းတိုင်များ တစ်ဆင့်ချင်း ချမှတ်ပါ။
- အောင်မြင်၊ မအောင်မြင်သည်ကို သတ်မှတ်စစ်တမ်းပြုမည့်နည်းလမ်း ပြုလုပ်ထားပါ။
- ရည်မှန်းချက် ကြီးမားတဲ့တိုင်အောင် လက်တွေ့ကျသော၊ အလှမ်းမီသော ပန်းတိုင်များ ဖြစ်ပါစေ။
- ရေရှည်ပန်းတိုင်တန်ဖိုးနဲ့ လိုက်ဖက်သော ရေတိုပန်းတိုင်များ ဖြစ်ပါစေ။
- အစဉ်တစိုက် တက်ကြွထက်သန်နေစေဖို့ ရည်မှန်းချက်ပြည့်မီရေး အချိန်ကာလသတ်မှတ်ချက်များ တိုတောင်းပါစေ။

(၄) စိတ်လှုပ်ရှားစရာ စွန့်စားမှုများပြုလုပ်ပါ။

ရည်မှန်းချက်ကြီးမားခြင်းဟာ စွန့်စားရတဲ့ သဘာဝရှိပါတယ်။ မိမိအိပ်မက်အကောင်အထည်ဖော်ရေးဟာ မိမိကိုယ်ပေါ် လောင်းကြေးထပ်တဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ အဲဒီအနေအထားမှာ နေသားကျအောင်နေတတ်ဖို့ လိုပါတယ်။ ပြိုင်မြင်း မိမိကိုယ်တိုင်ဖြစ်နေတဲ့အခါ ငြိမ်ငြိမ်ထိုင်နေလို့ ရနိုင်မှာ မဟုတ်ပါဘူး။ အရာရာမှာ တက်တက်ကြွကြွ လှုပ်ရှားနေဖို့ လိုပါတယ်။ ဒီခရီးမှာ အမှားတွေ ပြုလုပ်မိလည်း အဲဒါဟာ ပညာယူရာမှာ အရေးကြီးတဲ့ အပိုင်းတစ်ပိုင်းဆိုတာ သဘောပေါက်ဖို့လိုပါတယ်။ တကယ်လှုပ်ရှား လုပ်ကိုင်ပြီဆိုရင် သင့်ဘဝမှာ အပြောင်းအလဲတွေ့မှာ အမှန်ပါပဲ။

(၅) စိတ်ကူးအကြံဉာဏ်ကို လက်ခံပါ။

အခက်အခဲ၊ အကျပ်အတည်း ကြုံတွေ့တဲ့အခါမှာ တွေးခေါ်ကြံဆ စဉ်းစားပါ။ ပုံမှန်လမ်းကြောင်းမှ ဖောက်ထွက်စိတ်ကူးပါ။ အနာဂတ် အလားအလာအားလုံးကို စဉ်းစားပါ။ အလုပ်ကြိုးစားလုပ်ဆောင်ခြင်းကြောင့် ဖြစ်ထွန်းလာမယ့် ပိုမိုကောင်းမွန်သောကာလတွေကို မျှော်မှန်းကြည့်လိုက်ပါ။ ပန်းတိုင်ချမှတ်ရာမှာလည်း စိတ်ကူးစိတ်သန်းတွေဟာ ကိရိယာကောင်းတွေလိုပါပဲ။ အစကနဦးမှာတော့ အင်မတန်ကြီးမားတဲ့ ရည်မှန်းချက်ကြီးတွေ ချပြီးနောက် လက်တွေ့ကျတဲ့အဆင့်ကို လျှော့ချလို့ရပါတယ်။ ရေတိုရည်မှန်းချက်လေးတွေချမှတ်ပြီး ရေရှည်ရည်မှန်းချက်ကြီးတွေကို တက်လှမ်းလို့လည်း ရပါတယ်။

**ရည်မှန်းချက် ကြီးမားသူဖြစ်ရန် အကြံပြုချက်များ**

ဘဝမှာ ပိုမိုအောင်မြင်အောင်၊ ပိုမိုရည်မှန်းချက်ကြီးမားအောင် အောက်ပါအချက်တွေကို လိုက်နာပါ။ သင့်ရည်မှန်းချက် ပန်းတိုင်အတွက် အချိန်ပေးပါ။

"နောက်မှလုပ်တာပေါ့"လို့ တွေးမယ့်အစား လုပ်သင့်လုပ်ထိုက်တာလုပ်ဖို့ အချိန်ချမှတ်ထားပါ။ လုပ်ဖို့ ကောင်းတဲ့အချိန် စောင့်နေတာနဲ့ တိုးတက်ဖို့အချိန် ကုန်သွားမှာဖြစ်လို့ အခုချက်ချင်းပဲ စလုပ်လိုက်တာ ပိုကောင်းပါတယ်။ ရည်မှန်းချက်ပန်းတိုင်တွေ ချတဲ့အခါမှာ သူတို့ကို ဘယ်လိုအချိန်ပေးမလဲဆိုတာကိုပါ ထည့်တွက်ပါ။ ဥပမာ– သင်မာရသွန်အပြေးပြိုင်ပွဲ ဝင်ချင်ရင် မနက်စောစောထ လေ့ကျင့်တဲ့အကျင့် အရင်မွေးရလိမ့်မယ်။

**အကျိုးပြုအတွေး တွေးတတ်ပါစေ**

မိမိအတွေးကို အကျိုးပြုအတွေးဖြစ်အောင် တွေးတတ်ခြင်းဟာ မိမိရဲ့အတွင်းစိတ်ကို အာရုံမသွေဖည်အောင် ထိန်းရာရောက်ပါတယ်။ မိမိစိတ်ကို မိမိအားပေးခြင်းက မိမိရဲ့ ယုံကြည်ချက်စိတ်ဓာတ်ကို ပိုတက်ကြွစေတယ်။ မိမိစိတ်ကို နေ့စဉ်အားပေးစကားပြောနေခြင်းက မိမိကိုယ်ကို တွန်းအားပေးမှု နေ့စဉ်ပြုလုပ်နေတဲ့ပုံ ဖြစ်ပါတယ်။

**ပိုမိုကြွယ်ဝသော အတွေးအမြင်သို့ ကူးပြောင်းခြင်း**

ပိုမိုကြွယ်ဝသော အတွေးအမြင်သို့ ကူးပြောင်းခြင်းဆိုတာဟာ မိမိမှာရှိတဲ့ ကောင်းကျိုးချမ်းသာတွေကို အာရုံစိုက်ခြင်းပါပဲ။ ဒီလိုအာရုံစိုက်ပြီး တွေးတဲ့အခါ မိမိဘဝကို မြှင့်တင်ပေးနိုင်တဲ့အရာတွေ အပြင်လောကမှာ အများအပြားရှိနေသေးတာကို သတိပြုမိလာမှာ ဖြစ်ပါတယ်။ ဒီလိုတွေးခြင်းက သင့်ရဲ့ အောင်မြင်မှုတွေကို တစ်ပါးသူတွေနဲ့ မျှဝေခံစားဖို့ ပိုမိုလွယ်ကူစေမှာ ဖြစ်ပါတယ်။ သင့်ကို ရည်မှန်းချက် ပိုကြီးမားခွင့်ရစေသလို အသစ်အဆန်းတွေကိုပါ စမ်းသပ်ခွင့် ရစေပါတယ်။

**ယခင် အောင်မြင်မှုများကို ပြန်လည်သုံးသပ်ပါ**

သင်စိတ်ဓာတ်ကျနေခဲ့ရင် ယခင်အောင်မြင်မှုတွေကို ပြန်ပြောင်းစဉ်းစားပါ။ သင်၏အောင်မြင်မှုတွေကို ပြန်လည်သတိရစေမှာဖြစ်ပြီး ယခင်လုပ်နိုင်ခဲ့သလို ယခုလည်းလုပ်နိုင်မှာပဲလို့ စိတ်ခံစားချက်ရှိလာစေပါတယ်။ တစ်ခါတစ်ရံ စိတ်ပြေလျော့သွားတတ်တာ သဘာဝပါပဲ။ ဒါပေမဲ့ စိတ်အင်အားပြန်လည်တည်ဆောက်နိုင်ဖို့က အရေးကြီးပါတယ်။

**စိတ်ဓာတ်ခွန်အားဖြစ်နေစေမယ့် နည်းလမ်းတွေရှာပါ**

လူတစ်ယောက်နဲ့ တစ်ယောက် စိတ်ဓာတ်ခွန်အား ဖြစ်ပုံခြင်း မတူတတ်ပါဘူး။ သင့်ရဲ့ စိတ်ဆန္ဒကိုပံ့ပိုးပေးနေမယ့် နည်းလမ်းအချို့ကို အောက်မှာဖော်ပြလိုက်ပါတယ်။

- ကိုယ့်ကိုယ်ကိုယ် ဆုပေးစနစ်တစ်ခု ပြုလုပ်ထားပါ။
- မိမိလုပ်ရပ်နဲ့ ပတ်သက်ပြီး လုပ်ဖော်ကိုင်ဖက်တွေဆီက အကြံပြုချက် တောင်းပါ။
- မိမိရည်ရွယ်ချက်ကို မမေ့မလျော့အောင် မိမိကိုယ်ကို သတိပေးပါ။
- ရည်မှန်းချက်ပြည့်အောင် ဆောင်ရွက်နေချိန်မှာ စိတ်ရှည်ပါ။
- ကျန်းမာရေး အလေ့အကျင့်ကောင်းတွေ မွေးပါ။ ဥပမာ– လေ့ကျင့်ခန်းမှန်မှန်လုပ်ပါ။ အာဟာရပြည့်ဝတဲ့ အစားအစာကို စားပါ။ အိပ်ရေးဝဝအိပ်ပါ။
- အချိန်တိုင်းကို ပညာအသစ်တိုးစရာ အခွင့်အရေးတစ်ခုအဖြစ် မှတ်ယူပါ။
- စိတ်ဓာတ်ခွန်အားဖြစ်စေမယ့် တေးသီချင်းများကို နားထောင်ပါ။
- ပိုပြီး စိတ်ဝင်စားစရာကောင်းသော အလုပ်များကို လုပ်ပါ။
- ရည်မှန်းချက် ပန်းတိုင်တူသူတွေနဲ့ ဆက်သွယ်မှုပြုလုပ်ပါ။

*[Ref: Champion Grandview Way Building by Austin)*

■



## ပြုံးစရာ

### မေးခွန်းမထုတ်သေးလို့ပါ

ဒယ်ဒီ ။ ဂျော်နီ... မင်းစာမေးပွဲမှာဖြေထားတဲ့အဖြေလွှာကို ကြည့်ပါဦး။ သမိုင်းဘာသာကလွဲရင် ကျန်တဲ့ဘာသာတွေက အမှတ်နည်းလိုက်တာသားရယ်။

ဂျော်နီ။ ဟုတ်ပါတယ် ဒယ်ဒီ၊ သမိုင်းဆရာမက မေးခွန်းမထုတ်သေးလို့ပါ။

### မုသားပြောသူတွေ

ငရဲမင်း ။ မုသားပြောသူတွေ ဘယ်ရောက်တတ်တယ်ဆိုတာ မောင်မင်းသိလား။

ဝန်ထမ်း။ ဟုတ်ကဲ့၊ သိပါတယ်၊ ရာထူးတိုးပြီး အရောင်းဌာနကို အပို့ခံရတတ်ပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၁၀ တွေ့ရှိ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၄၆ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော **ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ် -၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ် -၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၁၂-၂၀၂၁) ရက် နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၅၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ် -၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၈၁,၃၇၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ် -၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၉,၆၁၃) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၇၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၇,၂၁၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ် -၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၃) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၅၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၅-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၀,၄၂၅,၁၁၃) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၄,၆၄၉,၃၄၅) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၇၇၅,၇၆၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၅-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၃၅,၀၇၄,၄၅၈) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၆-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၁၅)နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၁၈၄,၅၉၂) ဦးရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြု လူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာတစ်ဝန်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၅)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၇)ခု | - |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၁၂၃)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၃၂)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၇၃၆)ခု | (၉၆)ဦး |
| စုစုပေါင်း | (၇,၅၅၂)ခု | (၁၁၀)ဦး |

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်မှုအခြေအနေ(၂၅-၁၂-၂၀၂၁)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၇၇၅,၇၆၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၄,၆၄၉,၃၄၅) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၀,၄၂၅,၁၁၃) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၃၅,၀၇၄,၄၅၈) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၃၀၂၆၇၆၅ | ၄၁၀၀၁၁၈၄ | ၈၃၇၇၇၉ |
| ၂။ | အိန္ဒိယ | ၃၄၇၈၆၈၀၂ | ၃၄၂၃၀၃၅၄ | ၄၇၉၆၈၂ |
| ၃။ | ဘရာဇီး | ၂၂၂၃၄၆၂၆ | ၂၁၄၁၄၃၁၈ | ၆၁၈၄၅၇ |
| ၄။ | ပြင်သစ် | ၁၁၈၉၁၂၉၂ | ၉၉၆၁၃၆၉ | ၁၄၇၈၅၇ |
| ၅။ | ရုရှား | ၁၀၃၉၂၀၂၀ | ၉၂၅၉၇၇၁ | ၃၀၄၂၁၈ |
| ၆။ | တူရကီ | ၉၂၈၆၉၈၆ | ၈၉၂၂၅၁၀ | ၈၁၄၀၃ |
| ၇။ | ပြင်သစ် | ၉၀၈၈၃၇၁ | ၇၇၉၄၇၁၈ | ၁၂၂၅၄၆ |
| ၈။ | ဂျာမနီ | ၇၀၀၃၁၉၆ | ၆၁၁၃၅၀၀ | ၁၁၁၀၄၀ |
| ၉။ | အီရန် | ၆၁၈၄၇၆၂ | ၆၀၂၆၃၇၈ | ၁၃၁၄၀၀ |
| ၁၀။ | စပိန် | ၅၁၇၈၀၀၇ | ၅၀၀၂၁၁၀ | ၈၉၀၁၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၆၁၇၅၉ | ၄၁၁၃၀၄၉ | ၁၄၄၀၅၅ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၈၆၄၀ | ၂၇၇၇၉၁၈ | ၅၁၂၀၀ |
| ၃။ | မလေးရှား | ၂၇၃၈၄၀၁ | ၂၆၆၁၄၉၅ | ၃၁၃၁၅ |
| ၄။ | ထိုင်း | ၂၂၀၉၉၇၀ | ၂၁၅၂၅၂၈ | ၂၁၅၈၀ |
| ၅။ | ဗီယက်နမ် | ၁၆၅၁၆၇၃ | ၁၂၄၈၂၄၀ | ၃၁၂၁၄ |
| ၆။ | မြန်မာ | ၅၂၉၆၁၃ | ၅၀၇၂၁၀ | ၁၉၂၅၄ |
| ၇။ | စင်ကာပူ | ၂၇၇၅၅၅ | ၂၇၃၈၆၀ | ၈၂၁ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၄၄၉ | ၁၁၆၈၆၁ | ၃၀၀၈ |
| ၉။ | လာအို | ၁၀၆၂၃၁ | ၉၆၀၃၃ | ၃၂၅ |
| ၁၀။ | ဘရူနိုင်း | ၁၅၄၂၉ | ၁၅၁၈၉ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၄-၁၂-၂၀၂၁ ရက်နေ့မှအဆက်

“ဘွားဘွား”

နားအနီးသို့ကပ်လျက် ခပ်တိုးတိုးခေါ်ကြည့်သည်။ ပထမတစ်ကြိမ်ခေါ်စဉ်က မထူးခြား။ နောက်တစ်ကြိမ် ထပ်၍ ခေါ်မိသည်။ ထိုအခါ လူနာသည် အာရုံကို အနည်းအပါး ဆိုသလို စုစည်း၍ ရလာဟန်တူသည်။

“ဘွားဘွား”

ခင်ခင်ကြီး၏အသံသည် သည်တစ်ကြိမ်တွင် အတော်ချည်း ကျယ်သွားသည်။

ဒေါ်စောမင်း၏မျက်လုံးများ ဖျတ်ခနဲပွင့်လာသည်။ မျက်နှာမှာ တုန်ယင်လှုပ်ရှားကာ အရေပြားများ တင်းလာသည်။ သို့ရာတွင် အကြည့်သည်ကား မပီတော့။ မျက်လုံးများသည် ကြည့်လိုရာသို့ ရောက်ဟန်မတူ။ ပြူးကျယ်သော်လည်း ကြောင်စီစီ ဖြစ်နေသည်။

စောင်အောက်မှ သစ်ကိုင်းခြောက်သဖွယ်ဖြစ်သော လက်တစ်ချောင်း ပေါ်ထွက်လာသည်။ တစ်စုံတစ်ခုကို အားပြုဖေးကိုင်လိုဟန် တူသည်။ ခင်ခင်ကြီးသည် ယင်းလက်ကို သူမ၏လက်များဖြင့် ဆုပ်ကိုင်လိုက်သည်။ ထိုအခါလက်မှာ သန်မာလှကြောင်း တွေ့နေရသည်။ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ခြင်းခံရသည်။

“ဘွားဘွား၊ ခင်ကြီးပြန်လာပြီလေ ဘွားဘွားရဲ့”

ခင်ခင်ကြီး မျက်ရည်ပိုးပိုးပေါက်ပေါက် ကျရသည်။ ရင်ထဲမှာ နင့်သည်ထက်နင့်သည်။ လှိုက်လှဲသည်။ ကြေကွဲခြင်းသည် နှလုံးသားကို ဆွေးမြည့်ပျက်သုဉ်းစေသည့်အသွင်ရှိသည်။

ဒေါ်စောမင်းသည် သူ၏ အသံကို ကြားရဟန်တူသည်။ တုန်ယင်လျက်ကပင် ပါးစပ်မှာ ပြုံးယောင်သန်းလာသလိုရှိသည်။ မျက်နှာတွင် ဝမ်းသာခြင်း အရိပ်အယောင် ပေါ်လာသည်။

“ဟုတ်တယ်ဘွားဘွားရဲ့။ ခင်ကြီးပြန်လာပြီလေ။ အမိုက်မ ပြန်လာပြီလေ”

ခင်ခင်ကြီး၏ အသံမှာ ပြောရင်းကပင် တုန်လာသည်။ လှိုက်လှဲမှုသည် အသံအချို့ကို ရင်ထဲတွင်ပင် ဆို့နစ်ပျောက်ကွယ်သွားစေသည်။

ဒေါ်စောမင်း၏ ပါးစပ်မှ တရွရွလှုပ်လာသည်။ လေသံမျှသောအသံဖြင့် အမည်တစ်ခုကို ခေါ်စမ်းကြည့်သည်နှယ် ဖြစ်သည်။

“ခင်ကြီးကို ကြည့်ပါဦး ဘွားဘွားရယ်။ ခင်ကြီးကို ထကြည့်ပါဦး”

ခင်ခင်ကြီးသည် မည်သို့မျှ မစဉ်းစားတော့။ မတွေးတော့။ အဘွားဖြစ်သူ၏ကိုယ်ကို ပွေ့ယူလိုက်သည်။ အဘွားဖြစ်သူ၏ မျက်နှာကို သူ၏ မျက်နှာဖြင့် အပ်လိုက်သည်။ သူ၏ပါးကို အဘွားဖြစ်သူ၏ပါးနှင့် ပွတ်မိသည်။ ထိုအခါ မျက်ရည်သည် နှစ်ယောက်စလုံး၏ မျက်နှာများကို ကူးလူးစွတ်စိုလာလေသည်။

ရုတ်တရက်မှာပင် မိမိ၏လက်အတွင်းမှ အဘွား၏ ကိုယ်ခန္ဓာမှာ ပျော့ခွေသွားသည်ဟုထင်သည်။ လက်အတွင်းမှ လျှောကျသွားသည်။ ခင်ခင်ကြီး၏ စိတ်ထဲမှာ ထိတ်ထိတ်ပျာပျာ ခံစားရသည်။ သို့ဖြင့် အဘွားဖြစ်သူနှင့် မျက်နှာချင်း ခွာလိုက်သည်။

ဒေါ်စောမင်း၏ မျက်စိအစုံမှာ ပွင့်နေသည်။ သို့ရာတွင် လှုပ်ရှားမှုမရှိတော့။ ဖားဖိုလို နိမ့်ချည်ကြွချည်ဖြစ်နေသော ရင်သည်လည်း ငြိမ်သက်လျက်။

“ဘွားဘွား”

ခင်ခင်ကြီးသည် စိုးရိမ်ထိတ်လန့်မှုဖြင့် ကြုံးအော်လိုက်သည်။ လူအားလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဒေါက်တာ ဘရှူးဝါးသည် ခင်ခင်ကြီးနံဘေးသို့ ရောက်လာသည်။ ဒေါ်စောမင်း၏ လက်ကောက်ဝတ်ကို ဆွဲယူကာ သွေးတိုးစမ်းသည်။ လူအားလုံးတို့၏ အာရုံသည် ဒေါက်တာ ဘရှူးဝါးထံ ရောက်နေသည်။ အကြည့်များသည် သူ၏ မျက်နှာ၌ တည်နေသည်။

ဒေါက်တာ ဘရှူးဝါးက လက်ကို လွှတ်ချလိုက်ရင်း ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

ဒေါ်စောမင်းသည် မြေးဖြစ်သူ ပြန်လာရုံကလေး အထိသာ အသက်ရှင် စောင့်စားခဲ့လေသည်တကား။

ငိုဖို့ဦးစွာ သတိရသူမှာ ဒေါ်မြလေး။ ဆွေမျိုးအသိုင်းအဝိုင်း၏ ကျိတ်၍ရှိုက်သံသည် စောစောက တိတ်ဆိတ်ငြိမ်သက်နေခဲ့သော ဒေါ်စောမင်း၏ အခန်းကို လွှမ်းမိုးကြီးစိုးလာသည်။ တစ်စထက်တစ်စ ကျယ်လောင်ဆူညံလာသည်။

အများတကာတွေ ငိုရှိုက်နေကြသော်လည်း ခင်ခင်ကြီးသည် ငိုရှိုက်ဖို့ သတိမေ့လျော့နေသူအသွင်ရှိသည်။ ဒေါ်စောမင်း၏အလောင်းကို စူးစိုက်ကြည့်ကာ ငူငူငိုင်ငိုင်ကြီး ရပ်နေမိသည်။ ဘာလုပ်ရမည်လဲ မသိတတ်။ ဘာပြောရမည်လည်း မတွေးတတ်။ စိတ်ဝိညာဉ်သည် သူ၏ကိုယ်မှ လွင့်စဉ်သွားလေသည့်နှယ်ရှိသည်။ သတိလစ်ဟင်းနေသူပမာ ရပ်တည်နေသည်။

အစသော် လူတို့သည် ခင်ခင်ကြီးကို ဂရုမစိုက်မိ။ အမှတ်မဲ့သာဖြစ်သည်။ အတော်ချည်းကြာမှ ခင်ခင်ကြီးကို သတိပြုမိကြသည်။ ခင်ခင်ကြီးအဖြစ်ကို ကြည့်ဖော်ရလာသည်။

ဒေါ်မြလေးသည် သမီးဖြစ်သူ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်သည်။ မျက်နှာကို စိုးရိမ်မကင်း စူးစိုက်ကြည့်သည်။

“ငိုလိုက်သမီး၊ အောင့်မထားနဲ့။ ငိုလိုက်”

ဒေါ်မြလေးက သတိပေးစကားဆိုသည်။ ခင်ခင်ကြီး ငို၍မရ။ အဆုံးစွန်သော လှိုက်လှဲရမှုသည် ငိုယိုဖို့ကိုပင် သတိမေ့နေစေဟန်တူသည်။

ဦးအောင်ခန့်သည် ခင်ခင်ကြီးအား ကြည့်လာသည်။ သားအဖနှစ်ယောက် မျက်နှာချင်းဆိုင်မိသည်။ အကြည့်ချင်း ဆုံရသည်။ ဦးအောင်ခန့်သည် ချက်ချင်းမှာပင် မျက်လွှာချသွားသည်။ တစ်ဆက်တည်း နောက်သို့ ချာခနဲ လှည့်လိုက်သည်။ အခန်းအပြင်သို့ ခြေသံပြင်းပြင်းနှင့် လျှောက်သွားသည်။

ခင်ခင်ကြီးသည် သူ၏ပခုံးပေါ်မှ ဒေါ်မြလေး၏ လက်ကို ဖယ်ချလိုက်သည်။

“ဖေဖေ”

ခေါ်ရင်းမှာပင် ဦးအောင်ခန့်နောက်သို့ ပြေးလိုက်သည်။ ဦးအောင်ခန့်သည် ခင်ခင်ကြီးကို စောင့်မနေ။ လှေကားအတိုင်း ဆင်းသွားသည်။ ခင်ခင်ကြီးသည်လည်း ဆင်းလိုက်လာသည်။

ဦးအောင်ခန့်သည် စာကြည့်ခန်းအတွင်း ဝင်သွားသည်။ ပက်လက်ကုလားထိုင်တွင် ထိုင်လိုက်သည်။ ခင်ခင်ကြီးသည် စာကြည့်ခန်းအတွင်း ဝင်လိုက်လာကာ ပက်လက်ကုလားထိုင်အနီး ကြမ်းပြင်တွင် ထိုင်လိုက်သည်။

“ဖေဖေ”

ခင်ခင်ကြီးခေါ်သည်။ ဦးအောင်ခန့်မထူး။ လှည့်၍လည်းမကြည့်။ မျက်နှာထားမှာလည်း တင်းပါဘိ။ မာပါဘိ။

“သမီးသိပါပြီဖေဖေ။ သမီးကိုယ်သမီး ဘယ်လောက် မိုက်တယ်၊ ဘယ်လောက်မှားတယ်ဆိုတာ အခု သမီးသိပါပြီ ဖေဖေရယ်။ သမီးမိုက်ပါတယ် ဖေဖေ။ သမီးဟာ သိပ်မိုက်ပါတယ်”

ယခုတော့လည်း စောစောက ချုပ်တည်းထားခဲ့ရသလိုရှိသော မျက်ရည်များ သွန်ကျလာသည်။

ဦးအောင်ခန့်သည် ခင်ခင်ကြီး၏ မျက်နှာကို ဖျတ်ခနဲ တစ်ချက်ကြည့်သည်။ ယင်းအကြည့်တွင် စက်ဆုပ်ရွံရှာခြင်း၊ ခါးခါးသီးသီးမုန်းတီးခြင်းအရိပ်အယောင်များ ပါဝင်နေသည်။

“သမီးနဲ့ပတ်သက်လို့ ဖေဖေ ဒေါသဖြစ်ထိုက်ပါတယ်။ အမှန်တော့ အိမ်ပေါ်က နှင်ချတာတောင် နည်းပါသေးတယ်။ သမီးကို သတ်ပစ်ထိုက်ပါတယ် ဖေဖေ။ သမီးကို သတ်ပစ်ထိုက်ပါတယ်။ ဘွားဘွားအစား သမီးသေသင့်ပါတယ်။ သမီးသာ သေသွားခဲ့ရင် သိပ်ကောင်းမှာပဲ။ အခုဟာက မဆိုင်ဘဲနဲ့ ဘွားဘွားသေရတာ။ သမီးကြောင့် ဘွားဘွားသေရတာ။ ဘွားဘွားကို သမီးသတ်လိုက်တာ”

ခင်ခင်ကြီး၏ ယူကျုံးမရစွာ၊ နာကြည်းမှုပြင်းပြစွာ အော်လိုက်သောအသံသည် စာကြည့်ခန်းကို ဟည်း၍ထွက်လာသည်။ ငိုရှိုက်မှုကြောင့် ကိုယ်မှာ တသိမ့်သိမ့်ဖြစ်နေသည်။ ပခုံးပါးဝယ် ထိလုသည်အထိ သည်းစွာငိုရှိုက်ရသည်။

ဦးအောင်ခန့်သည် တစ်ဖက်သို့ လှည့်နေသည်။ ခင်ခင်ကြီးကို အနားတွင်ရှိသည်ဟုပင် ထင်ပုံမရ။ ပြောနေသော စကားသံတို့ကိုလည်း ကြားရဟန်မပြ။ ဂရုတစိုက် နားထောင်နေပုံလည်း မပေါ်ပေ။

“သမီးရဲ့ ကိုယ်ကို ဖေဖေ့လက်ထဲအပ်ပါတယ် ဖေဖေ။ ဖေဖေကသာ သေစေလို့အမိန့်ပေးပါ။ ဖေဖေ့ရှေ့မှာတင် သမီးရဲ့ကိုယ်ကို သတ်သေပြပါမယ်။ သမီးရဲ့ ကံကြမ္မာကိုပါ ဖေဖေ့လက်ထဲမှာ ပုံပြီးထည့်ပေးပါတယ် ဖေဖေ။ သမီးနဲ့ ပတ်သက်လို့ ဖေဖေကြိုက်သလိုစီရင်ပါ။ သမီးခံဖို့ အသင့်ပါဖေဖေရယ်”

ခင်ခင်ကြီး၏အသံမှာ လှိုက်လှဲလာသည်။ ကြေကွဲလာသည်။ ဆို့နင့်လာသည်။ သူသည် ကြမ်းပေါ်တွင် ထိုင်ရင်း ကြာမြင့်စွာငိုရှိုက်နေသည်။ ဦးအောင်ခန့်သည် ထိုင်လက်စနေရာမှာပင် ငိုင်ငိုင်ကြီးထိုင်နေသည်။ နှစ်သိမ့်ခြင်းလည်းမပြု။ ချော့မော့စကားကိုလည်း မပြော။

“ဖေဖေရယ်”

ခင်ခင်ကြီးသည် မြှောက်ပင့်ရင်းမှ ခေါ်သည်။ ဦးအောင်ခန့် မထူး။

“သမီးကို စကားတစ်ခွန်းလောက်တော့ ပြောပါ ဖေဖေရယ်”

ဦးအောင်ခန့်မလှုပ်။ သည်တော့လည်း ခင်ခင်ကြီး မှာပို၍ ဝမ်းနည်းရသည်။ ပို၍ကြေကွဲရသည်။ ယင်းအခိုက်တွင် အခန်းပေါက်ဝမှာ ဒေါ်မြလေးရပ်လာသည်။ ဦးအောင်ခန့်သည် ဒေါ်မြလေးအား မြင်လိုက်ရသည့်အခါ ထိုင်ရာမှ ထရပ်လိုက်သည်။

“ဒီမှာ မမြရဲ့။ ကျုပ်တစ်ခုပြောမယ်။ ခင်ဗျားသမီးက သူ့အဘွားကို သတ်လိုက်တာ သူပါတဲ့။ သူ့ကြောင့် ခင်ဗျားအမေသေရတာပါတဲ့။ အဲဒါ ဟုတ်သလားဟင်။ သူ့စကားကို ခင်ဗျားသဘောတူသလား”

သူ့အမေးကို ဒေါ်မြလေး မဖြေ။

“အခုတော့ သူမှားပါပြီတဲ့လေ။ မှားပါပြီတဲ့။ ဒီမယ် ခင်ခင်ကြီး”

ဖခင်ဖြစ်သူက မိမိ၏ နာမည်ကို ခေါ်ဆိုဖော်ရလာသည့်အတွက် ခင်ခင်ကြီးမှာ အားတက်သလိုဖြစ်ရသည်။ မော့ကြည့်မိသည်။ ဦးအောင်ခန့်၏ မျက်ဝန်းမှာ တောက်ပနေသည်။ တင်းမာနေသည်။

**ဆက်လက်ဖော်ပြပါမည်။**

“ဘွားဘွား၊ ခင်ကြီးပြန်လာပြီလေ ဘွားဘွားရဲ့”
ခင်ခင်ကြီး၏အသံမှာ ပြောရင်းကပင် တုန်လာသည်။
လှိုက်လှဲမှုသည် အသံအချို့ကို ရင်ထဲတွင်ပင် ဆို့နစ်ပျောက်ကွယ်သွားစေသည်။
ဒေါ်စောမင်း၏ ပါးစပ်မှ တရွရွလှုပ်လာသည်။ လေသံမျှသောအသံဖြင့်
အမည်တစ်ခုကို ခေါ်စမ်းကြည့်သည်နှယ်ဖြစ်သည်။
အဘွားဖြစ်သူ၏ကိုယ်ကို ပွေ့ယူလိုက်သည်။ အဘွားဖြစ်သူ၏မျက်နှာကို
သူ၏မျက်နှာဖြင့် အပ်လိုက်သည်။ သူ၏ပါးကို အဘွားဖြစ်သူ၏ပါးနှင့်
ပွတ်မိသည်။ ထိုအခါ မျက်ရည်သည် နှစ်ယောက်စလုံး၏ မျက်နှာများကို
ကူးလူးစွတ်စိုလာလေသည်။ ရုတ်တရက်မှာပင် မိမိ၏လက်အတွင်းမှ
အဘွား၏ ကိုယ်ခန္ဓာမှာ ပျော့ခွေ . . .

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# မာလဲနတ်တောင်ရေလှောင်တမံမှ ယခုနှစ် နွေသီးနှံစိုက်ဧက ၁၁၀၀ အတွက် စိုက်ပျိုးရေ ပေးဝေသွားမည်

**မန္တလေး ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းရှိ မာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် နွေသီးနှံစိုက်ဧက ၁၁၀၀ အတွက် လာမည့် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်အောင်စိုးက ပြောသည်။

အဆိုပါ နွေသီးနှံစိုက်ဧကများအတွက် မာလဲနတ်တောင်ရေလှောင်တမံအတွင်း ရေနည်းနေသော်လည်း ရေလက်ကျန်ပမာဏမှာ ၃၁၉၆၄ ဧကပေရှိပြီး စိုက်ပျိုးရေအတွက် အသုံးပြုနိုင်သော ရေပမာဏမှာ ၂၄၅၅၅ ဧကပေနှင့် ပေးနိုင်သည့်ဧကပေကို တွက်ချက်ပြီး ယင်းရေလက်ကျန် ပမာဏပေါ်မူတည်၍ ယခုနှစ်တွင် နွေစပါးဧက ၈၀၀ နှင့် အခြားသီးနှံဧက ၃၀၀ လျာထားပြီး စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။



"တောင်သူတွေအတွက် စိုက်ပျိုးရေပြည့်ဝစွာ ပေးနိုင်အောင် မနှစ်က မာလဲနတ်တောင်တူးမြောင်းစနစ်ကို အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ပြီးပါပြီ။ ပြီးခဲ့တဲ့မိုးစပါး ရာသီမှာ မြောင်းရေဆုံးသည်အထိ ရေပေးဝေနိုင်ခဲ့ပါတယ်။ နောက်ဆို မိုးရွာသွန်းမှုပေါ်မူတည်ပြီးတော့ တောင်သူတွေအတွက် စိုက်ပျိုးရေကို ပြည့်ဝစွာ ပေးသွားမှာပါ။ ယခုနွေသီးနှံတွေအတွက်လည်း စိုက်ပျိုးရေပေးဝေသွားတော့မှာပါ။ တောင်သူတွေ အနေနဲ့ကလည်း ရေကိုစနစ်တကျနဲ့ ချွေတာသုံးစွဲကြဖို့လိုပါတယ်။ ဒါမှ ရေတွေအလေအလွင့်မရှိဘဲနဲ့ တောင်သူတွေအဆင်ပြေစွာ သုံးစွဲနိုင်ကြမှာပါ။ နွေ၊ မိုးရာသီအလိုက် တောင်သူတွေအတွက် စိုက်ပျိုးရေကို ပေးဝေသွားမှာပါ" ဟု ၎င်းကပြောသည်။

ထိုမာလဲနတ်တောင်ရေလှောင်တမံမှ တောင်သူများအတွက် အဓိကအနေဖြင့် မိုးသီးနှံနှင့် နွေသီးနှံတို့ကို ပေးဝေစိုက်ပျိုးနေကြောင်း၊ မိုးစပါးရာသီချိန်တွင် စိုက်ဧက ၃၂၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ကြောင်း၊ ရေအသုံးချသူများအဖွဲ့ကိုလည်း ဖွဲ့စည်းပေးထားပြီး အသင်းအဖွဲ့ဖြစ်လာစေရေးအတွက် ရည်မှန်းထားရှိကြောင်း၊ ယခုနှစ်နွေသီးနှံများအတွက် တမံအတွင်း လက်ကျန်ရေပေါ်မူတည်ပြီး ရေပေးရသည်ဖြစ်သောကြောင့် အထူးသဖြင့် မြောင်းအရင်းပိုင်းကို အဓိကဦးစားပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နေပြည်တော် တပ်ကုန်းမြို့နယ်၌ ကျေးရွာတချို့ ကြက်သွန်နီစိုက်ပျိုး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ကြိုးကြာအင်းအုပ်စု အတွင်းရှိ ကျေးရွာများ၌ ယခုလရာသီတွင် ကြက်သွန်နီ စိုက်ပျိုးကြပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ ကြက်သွန်နီစိုက်ပျိုးရာတွင် ယာခင်းများ အတွင်း၌ ရေတွင်းများတူး၍ စက်ဖြင့် ရေသွင်းစိုက်ပျိုးကြခြင်းဖြစ်ပြီး ကြက်သွန်နီစိုက် နေ့စားလုပ်သား တစ်ဦးလျှင် နေကုန်စရိတ်ငြိမ်း ကျပ် ၃၅၀၀ ပေးရသည်။ ယာခင်းများအတွင်း၌ ကြက်သွန်စိုက်ပျိုးရန်အတွက် ပေါင်များပြုလုပ်၍ စိုက်ပျိုးကြခြင်းဖြစ်ပြီး ယာခင်းအကျယ်အဝန်းကို မူတည်၍ စိုက်ပျိုးပေါင်များ ပြုလုပ်ကြသည်။



စိုက်ပျိုးမည့် ကြက်သွန်နီမျိုးကို ကိုယ်တိုင်ပျိုးထောင်၍စိုက်ပျိုးကြသည်။ မျိုးစေ့တစ်ဘူး (နို့ဆီဘူး) လျှင် ငွေကျပ် ၁၅၀၀ ပေးရပြီး မျိုးစေ့ဘူး ၂၀ ပျိုးထောင်လျှင် တစ်ဧကကျော် စိုက်ပျိုးနိုင်ကြောင်း သိရသည်။

တချို့ကြက်သွန်နီ စိုက်ပျိုးသူများမှာ ပျိုးဝယ်၍လည်း စိုက်ပျိုးကြပြီး (၂x၃)ပေအရွယ်ပျိုး တစ်အိတ်လျှင် ငွေကျပ် ၁၆၀၀ ပေးရသည်။ အဆိုပါ ဒေသများ၌ ယခုနှစ်တွင် စက်သုံးဆီဈေး၊ ကြက်သွန်နီဈေး အတက်အကျ မြန်ခြင်းကြောင့် ကြက်သွန်နီစိုက်ပျိုးသူနည်းကြောင်း သိရသည်။

ကြက်သွန်နီသည် စိုက်ပျိုးပြီး နောက် သုံးလခွဲ လေးလသား အရွယ်တွင် တူးဖော်ရောင်းချနိုင်မည်ဖြစ်သည်။ ယခုလရာသီတွင် ကြက်သွန်နီစိုက်ပျိုးချိန်ဖြစ်၍ နေ့စား အလုပ်သမားများ ဝင်ငွေရရှိကြကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

# မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံအသစ်များ စတင်ဝင်ရောက်

**မုံရွာ ဒီဇင်ဘာ ၂၆**

မုံရွာကုန်စည်ဒိုင်သို့ ပဲစင်းငုံအသစ်များ တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဈေးဖြင့် စတင်ဝင်ရောက်လာနေပြီဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဦးတင်ကိုကိုက ပြောသည်။

"မုံရွာကုန်စည်ဒိုင်ကို ၂၀၂၂ ခုနှစ် ပဲစင်းငုံအသစ်စဝင်နေပါပြီ။ တစ်တင်းကို ကျပ် ၃၅၀၀၀ ဈေးနဲ့ဝင်လာနေပါပြီ။ နောက်မကြာခင် ကုလားပဲအုပ်စုတွေ ဝင်လာတော့မှာပါ။ ပဲနီနဲ့အညာကုန်တွေဖြစ်တဲ့ မြေထောက်ပဲ၊ ပဲယဉ်း၊ ပုဂံပဲ စတဲ့ပဲအစုံ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ အကုန်အစုံဝင်ကြတော့မှာပါ။ ဇန်နဝါရီလယ်လောက်ဆိုရင် အတော်စုံစုံဝင်တော့မှာပါ"ဟု ဦးတင်ကိုကိုက ပြောသည်။ လတ်တလောအခြေအနေများကြောင့် မုံရွာကုန်စည်ဒိုင်သို့ ကုန်သည်စက်ပိုင်ပွဲစားများ လာရောက်မှုနည်းနေ သေးပြီး ကုန်အရောင်းအဝယ်ကို အွန်လိုင်းစနစ်ဖြင့် ပြုလုပ်နေကြရာ ပုံမှန်အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ထွက်သမျှအကုန်လုံး ဈေးကျနေတယ်။ တစ်တင်းကို ကျပ် ၅၀၀၀ လောက်ထိကျသွားတယ်။ ပဲတီစိမ်း တစ်တင်းကို ကျပ် ၅၀၀၀ နဲ့ ကျပ် ၇၀၀၀ ကြားထိ ဈေးကျသွားတယ်။ ပဲစင်းငုံအသစ်က ဈေးတန့်နေတယ်" ဟု ၎င်းကပြောသည်။ မုံရွာကုန်စည်ဒိုင်သို့ နှမ်းမျိုးစုံဖြစ်သည့် နှမ်းနက်၊ နှမ်းဖြူ၊ နှမ်းဝါ၊ နှမ်းညိုများဝင်နေပြီး ပဲတီစိမ်းအကြီး၊ ပဲတီစိမ်းအသေး၊ ပဲလွမ်းပြာ၊ ပဲလွမ်းဖြူအသစ်များ ဝင်နေပြီဖြစ်သည်။ ထို့အပြင် မတ်ပဲအသစ်၊ ပြောင်းဖူးစီပီအသစ်၊ ပြောင်းနီသစ်တွေဝင်နေပြီဖြစ်ရာ တစ်ရက်လျှင်တစ်မျိုးခြင်း ၁၉ ပိဿာတစ်တင်းအိတ် ၇၀၀ နှင့် အိတ် ၁၀၀၀ ကြားခန့်ဝင်နေပြီး ဝယ်လက်ဖောက်သည်ကိုယ်စီမှတစ်ဆင့် ပြန်လည်ရောင်းချနေရကြောင်း သိရသည်။

**လူလေး**

# ကျောက်ဆည်မြို့တွင် ဆီထွက်သီးနှံဧကပေါင်း ၅၂၀၂ ဧက စိုက်ပျိုးပြီးဖြစ်

**ကျောက်ဆည် ဒီဇင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် စားသုံးဆီဖူလုံပိုလျှံရေးအတွက် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို ဧကပေါင်း ၁၁၅၈၅ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ယခုအခါ ဧကပေါင်း ၅၂၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။



ကျောက်ဆည်မြို့နယ်တွင် ဆောင်းသီးနှံဖြစ်သည့် ဆီထွက်သီးနှံများကို ရေ မြေ ဒေသအလိုက် စိုက်ပျိုးလျက်ရှိရာ မြေပဲသီးနှံများကို တိုက်နယ်(၁)တွင် ဧက ၃၀၊ တိုက်နယ်(၂)တွင် ဧက ၈၀၊ တိုက်နယ်(၅)တွင် ငါးဧက၊ တိုက်နယ်(၁၁)တွင် ဧက ၂၀၊ တိုက်နယ်(၁၂)တွင် ၁၆၇ ဧက၊ နှမ်းသီးနှံများကို တိုက်နယ်(၆)တွင် ၈၂ ဧက၊ တိုက်နယ်(၈)တွင် ၃၅ ဧက၊ တိုက်နယ်(၁၁)တွင် ၂၈၇ ဧက၊ တိုက်နယ်(၁၂)တွင် ဧက ၁၀၉၀ နှင့် နေကြာသီးနှံများကို တိုက်နယ်(၁)တွင် ၆၄၇ ဧက၊ တိုက်နယ်(၂)တွင် ၃၇၆ ဧက၊ တိုက်နယ်(၄)တွင် ဧက ၃၂၀၊ တိုက်နယ်(၅)တွင် ၁၀ ဧက၊ တိုက်နယ်(၆)တွင် ဧက ၄၀၊ တိုက်နယ်(၈)တွင် ဧက ၃၅၀၊ တိုက်နယ်(၁၀)တွင် ဧက ၄၂၀၊ တိုက်နယ်(၁၁)တွင် ၄၄၆ ဧက၊ တိုက်နယ်(၁၂)တွင် ၇၉၇ ဧက စုစုပေါင်း ၅၂၀၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

### ပြည့်မီကျော်လွန်ရေး

ထိုသို့ စိုက်ပျိုးပြီးသော်လည်း လျာထားစိုက်ဧက ၁၁၅၈၅ ဧက ပြည့်မီကျော်လွန်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် တောင်သူများ ပူးပေါင်းပြီး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# သံတွဲမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ကျေးရွာများ ကွင်းဆင်းစစ်ဆေး

**သံတွဲ ဒီဇင်ဘာ ၂၆**

သံတွဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် စီမံကိန်းတာဝန်ခံတို့က ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် မြစိမ်းရောင်စီမံကိန်း ကျေးရွာများဖြစ်သည့် ဂျိတ္တောကျေးရွာနှင့် ငပန်ကျေးရွာများသို့ သွားရောက်ပြီး မြစိမ်းရောင်ကျေးရွာကော်မတီများ၊ အသင်းသူ အသင်းသားများနှင့်တွေ့ဆုံသည်။ ထို့နောက် နွားခြံကျေးရွာ၊ သာယာကွင်းကျေးရွာနှင့် ပဒဲကောမြစိမ်းရောင်စီမံကိန်း ကျေးရွာများသို့သွားရောက်ကာ မြစိမ်းရောင်ကျေးရွာကော်မတီများ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ချေးငွေများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

**ကိုထွန်း**

## မြဝတီမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲ ကျင်းပ



မြဝတီ ဒီဇင်ဘာ ၂၆

ကရင်ပြည်နယ် မြဝတီမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို မြို့မ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် ယနေ့ နံနက် ၈ နာရီက အားကစားပြိုင်ပွဲများ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ အခမ်းအနားကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သော နိုင်ငံသားများ ဖြစ်လာစေရန် ရည်ရွယ်၍ ယခုလို အားကစားပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် အဖွဲ့ဝင်များနှင့် တက်ရောက်လာသည့် ဌာနဆိုင်ရာများက အားကစားပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဆုချီးမြှင့်**

ထို့နောက် မြို့မ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများကို အသင်းလေးသင်းဖွဲ့ကာ စက်ဘီးနင်းပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ ဘောလုံးခြင်းထည့်ပြိုင်ပွဲနှင့် အခြားပြိုင်ပွဲများကို ယှဉ်ပြိုင်စေပြီး ဆုရအသင်းများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၂ ရက်နေ့ ၀၄:၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## ကလေးဝမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ



ကလေးဝ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်းကြီးရှိ မိုးလုံလေလုံအားကစားရုံ၌ ပြုလုပ်သည်။

အဆိုပါ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲကိုအုပ်စုများခွဲ၍ ကျင်းပခဲ့သည်။

သက်ဟန်(ကလေးဝ)



## ကာမိုင်းမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

ကာမိုင်း ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျောင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စာကြည့်တိုက်အသင်းဝင် ကျောင်းသား ကျောင်းသူများဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်သက်ဦးက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကာမိုင်း(ပြန်/ဆက်)

## ပျဉ်းမနားမြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အလွတ်တန်းဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ပျဉ်းမနား ဒီဇင်ဘာ ၂၆

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ကြီးမှူးကျင်းပသည့် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အလွတ်တန်း ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)၌ ကျင်းပသည်။

တတိယလုပွဲတွင် တပ်ကုန်းအသင်းနှင့် စိန်ဝေနန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စိန်ဝေနန်းအသင်းက နှစ်ပွဲပြတ်ဖြင့် တတိယဆုရရှိခဲ့ပြီး ဗိုလ်လုပွဲတွင် သပြေ(၁)အသင်းနှင့် ပေါင်းလောင်းအသင်းတို့ သုံးပွဲယှဉ်ပြိုင်ကစားကြရာ သပြေ(၁) အသင်းက နှစ်ပွဲနိုင်၍ ဗိုလ်စွဲသွားသည်။

ထို့နောက် ဆုရရှိသည့်အသင်းများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ပြန်/ဆက်ဌာနခွဲ) ညွှန်ကြားရေးမှူး ဦးကျော်ဆင့်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်းဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းတို့ အုပ်စု လေးအုပ်စုခွဲ၍ ပတ်လည်ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမဆု ကျပ် ၂၀၀၀၀၀၊ ဒုတိယဆု ကျပ် ၁၅၀၀၀၀၊ တတိယဆု ကျပ် ၁၀၀၀၀၀၊ အထူးဆု ကျပ် ၅၀၀၀၀ နှင့် အကောင်းဆုံးကစားသမားဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ခင်ဦးမြို့၌ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ ကျင်းပ

ခင်ဦး ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ဦးစီးကျင်းပသော (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများကို ယနေ့တွင် အခြေခံပညာ အထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါအားကစားပြိုင်ပွဲများတွင် ရပ်ကွက်အတွင်းရှိ ကလေးများမှ သံပရာသီး ဇွန်းကိုက်ပြိုင်ပွဲ၊ မီတာ (၃၀) အပြေးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲနှင့် အလွတ်တန်းတွင် တစ်ဦးချင်း အေရိုးဗစ်ပြိုင်ပွဲ၊ မီတာ (၁၅၀၀) အပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲများကို ပျော်ရွှင်စွာ ကျင်းပပြုလုပ်ပေးခဲ့ပြီး ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အဖြစ် စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကိုလည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုးဝေအောင်(ခင်ဦး)

## မန်ကန်မြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပုံပြောပြိုင်ပွဲ ကျင်းပ

မန်ကန် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မန်ကန်မြို့၌ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပုံပြင်ပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မန်ကန်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ထို့နောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ပုံပြင်ပြောပြိုင်ပွဲမှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နန်းအေးအေးအောင်က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မန်ကန်(ပြန်/ဆက်)

# ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးမှ နေ့စဉ်ရေထွက်ကုန်ပိဿာချိန် ငါးသိန်းခန့် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းသို့ ကုန်စည်စီးဆင်းလျက်ရှိ



**ရန်ကုန် ဒီဇင်ဘာ ၂၆**
တိုင်းဒေသကြီးငါးခုမှ ရေထွက်ကုန်များ အဓိက ဝင်ရောက်ရာရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးတွင် နေ့စဉ်ကုန် ပိဿာချိန် ငါးသိန်းခန့်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များနှင့် နိုင်ငံတစ်ဝန်းသို့ ရေထွက်ကုန်များ စီးဆင်းလျက်ရှိသည်။

**စည်ကား**

ရွှေပိတောက်ငါးဈေးကြီးကို ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ရာ ဆိုင်ခန်းအနည်းငယ်ဖြင့် အရောင်းအဝယ်ရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၆ ရက်တွင် စံပြငါးဈေးမှ ပွဲရုံဈေးသည်များ ပြန်လည်ရောင်းချခြင်းဖြင့် ရေထွက်ကုန်အများဆုံး ဝင်ရောက်ရာ ငါး/ပုစွန်ဈေးကြီးတစ်ခုအဖြစ် စည်ကားခဲ့သည်။ ရွှေပိတောက်ငါးဈေးသည် ၈ ဒသမ ၁၂၂ ဧကကျယ်ဝန်းပြီး ဈေးရုံပေါင်း ရှစ်ရုံတွင် ဆိုင်ခန်းပေါင်း ၄၄၄ ခန်းနှင့် ပွဲရုံဆိုင်ခန်းငယ်ပေါင်း ၁၂၀ ဖြင့် ရေထွက်ကုန်များကို လက်လီ လက်ကားဖြန့်ချိလျက် တောင်ပေါ်ဒေသ၊ နယ်စပ်ဒေသနှင့် မြန်မာပြည်အထက်ပိုင်းသို့ ရေထွက်ကုန်များ တင်ပို့လျက်ရှိသည်။

"တစ်ချိန်က ကုန်ချိန် နှစ်သောင်းအဝင်အထွက် မရှိတဲ့ ငါးဈေးကြီး ယခုကုန်ပိဿာချိန် ငါးသိန်းခန့်အထိ အရောင်းအဝယ်ရှိလာတဲ့အတွက် ငါးမွေးတောင်သူ၊ ကုန်သည်နဲ့ လက်လီလက်ကားရောင်းတဲ့ ဈေးသည်တွေ အဆင်ပြေလာကြတယ်။ ရေချိုထွက်ကုန်ကို ဧရာဝတီတိုင်းက အဝင်များပြီး ရေငန်ထွက်ကုန်ကို ရခိုင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းကအဝင်များတယ်။ ရန်ကုန်မြို့မှာ အကြီးဆုံးရေထွက်ကုန်ဈေးကြီးဖြစ်လာတဲ့အတွက် နေ့စဉ် ဈေးဝယ်ဈေးသည် ရှစ်ထောင်ကျော်ကနေ ရုံးပိတ်ရက်မှာ တစ်သောင်းကျော် အရောင်းအဝယ်ရှိတဲ့အတွက် ဈေးလုံခြုံရေး၊ ရေစီးရေလာကောင်းမွန်ရေးနဲ့ ဈေးသာယာလှပရေးကို စည်ပင်သာယာနဲ့လက်တွဲပြီး ကျွန်တော်တို့ ဈေးသာယာရေးအဖွဲ့က ဆောင်ရွက်နေပါတယ်" ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌဦးကျင်စောကပြောသည်။

သီးနှံမျိုးစုံဖြန့်ချိရာ သီရိမင်္ဂလာဈေးနှင့် ကပ်လျက်တည်ရှိသောကြောင့် ရွှေပိတောက်ငါးဈေးကြီးနှင့် သီးနှံဈေးသို့ ဝင်ရောက်သောယာဉ်များဖြင့် ဘုရင့်နောင်ကားလမ်းပေါ်တွင် နံနက်ပိုင်းနှင့်ညနေပိုင်းတို့၌ ယာဉ်ကြောပိတ်ဆို့မှုကြောင့် သီးနှံနှင့်ရေထွက်ကုန် စီးဆင်းမှုတွင် အခက်အခဲအချို့ ကြုံတွေ့ရလျက်ရှိသည်။ မြန်မာပြည်တွင် ရေထွက်ကုန်ပစ္စည်း တင်သွင်း/ဖြန့်ချိရာ အကြီးဆုံးငါး/ပုစွန်ဈေးကြီးဖြစ်သည့် ရွှေပိတောက်ငါးဈေးကြီးမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးနှင့် နိုင်ငံတစ်ဝန်းသို့ နေ့စဉ်တင်ပို့ရောင်းဝယ်လျက်ရှိရာ တစ်ရက်လျှင် ကုန်ပိဿာချိန် ငါးသိန်းခန့် ကုန်စည်စီးဆင်းလျက် အရောင်းအဝယ်စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်း- ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

# ထန်းတက်ရာသီအမီ ထန်းဆွဲမြူအိုးများ စတင်လုပ်ကိုင်နေပြီဖြစ်သည့် တောင်ကုန်းရွာ အိုးလုပ်ငန်း

**ညောင်ဦး ဒီဇင်ဘာ ၂၆**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်ကုန်းရပ်တွင် ထန်းတက်ရာသီအမီ ထန်းဆွဲမြူအိုးများ စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း ရိုးရာအိုးလုပ်ငန်း အမြဲလုပ်ကိုင်နေသည့် တောင်ကုန်းကျေးရွာမှ ဦးမြင့်ဆွေက ပြောသည်။

**တစ်ရွာလုံးနီးပါး လုပ်ကိုင်**

ညောင်ဦးမြို့နယ် ငါ့သရောက်မြို့ တောင်ကုန်းကျေးရွာတွင် အိမ်ခြေ ၁၂၀ ကျော်ရှိပြီး တစ်ရွာလုံးနီးပါး ရိုးရာအိုးလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် မိသားစုစားဝတ်နေရေးရပ်တည်နေကြကာ အိုးလုပ်ငန်းအဆင့်ဆင့်တိုင်းအား ရွာရှိလူတိုင်း သိရှိလုပ်ကိုင်ကြကြောင်း သိရသည်။ အိုးလုပ်ငန်းသုံးမြေသား အချွဲ၊ မြေသားအကြမ်း နှစ်မျိုးသာလိုကြောင်း မြေအမျိုးအစားလည်း တောင်ကုန်းကျေးရွာတောင်ဘက် နှစ်ဖာလုံအကွာနှင့် ကျောက်ပန်းတောင်းမြို့နယ် ကမ်းဖြူကျေးရွာ မြောက်ဘက်သွားရောက်မြေတူးယူခြင်း၊ ဖောကား တစ်စီး ငွေကျပ်ငါးသောင်းဖြင့် ဝယ်ယူခြင်းတို့ဖြင့် အိုးလုပ်ရန်မြေသားစုဆောင်းထားကြကြောင်း သိရသည်။

တောင်ကုန်းကျေးရွာသူ ကျေးရွာသားတိုင်း အိုးလုပ်ရန် အိုးပြင်လှဲ့စက်ကို လှဲ့တတ်ကြပြီး အိုးအမျိုးမျိုးအား ပုံဖော်သူ (အိုးထွင်းသူ) အိုးပညာရှင်မှာ အမျိုးသမီးများသာ အိုးပုံဖော်သူရှိနေပြီး အမျိုးသားများက မြေနယ်ခြင်း၊ အိုးပြင်စက်လှဲ့ခြင်း၊ မြေသယ်ခြင်း လုပ်ငန်းများကို လုပ်ကိုင်ကြကြောင်း ဦးနေလင်းက ရှင်းပြသည်။ အိုးလုပ်ငန်း စတင်လုပ်ကိုင်သည့် နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများသည် အိုးလုပ်ငန်းလှိုင်လှိုင်လုပ်ကိုင်သည့် လများဖြစ်ပြီး ညောင်ဦးမြို့နယ် တောင်ကုန်းကျေးရွာထွက် ပြာသိုသောက်ရေအိုးနှင့် ထန်းဆွဲမြူအိုးတို့မှာ နာမည်ရအိုးလုပ်ငန်း၏ အမှတ်အသားပင်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ထန်းတက်ဒေသများမှ လာရောက်ဝယ်ယူကြရာ ကျောက်ပန်းတောင်းမြို့နှစ်ကျပ်ခွဲရွာ၊ ညောင်ဦးမြို့နယ် တောင်ဇင်းအုပ်စု တက်မကျေးရွာ၊ တောင်သာမြို့နယ် ဝဲလောင်ကျေးရွာ၊ တောင်သာမြို့၊ ပခုက္ကူမြို့နှင့် ငါ့သရောက်တစ်နယ်လုံး တောင်ကုန်းကျေးရွာမှ ထွက်ရှိသည့် အိုးတို့ကိုသာ သုံးကြကြောင်း အိုးလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောသည်။

တောင်ကုန်းကျေးရွာတွင် စုပေါင်းအိုးဖုတ်(အိုးဖို)ကုန်းသုံးနေရာရှိပြီး မဲနိုက်ကာ မဲကျသည့်အိုးဖုတ်(အိုးဖို)ကုန်းတွင်သာ အိုးဖိုကြကြောင်း၊ အိုးတစ်ခါဖုတ်လျှင် အိုးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးအထိ အိုးဖိုးကြကာ သူသာသည်၊ ကိုယ်သာသည် သဘောမထားဘဲ အိုးဖုတ်ကြကြောင်း၊ တောင်ကုန်းကျေးရွာထွက် အိုးအမျိုးမျိုးသည် ပါးလွှာပြီးခိုင်ခံ့သည့်အတွက် လူကြိုက်များကြသည်။ တောင်ကုန်းကျေးရွာမှ ပြာသိုသောက်ရေအိုး၊ ထန်းဆွဲမြူအိုး၊ လက်ဆေးမြေဇလုံ၊ ဟင်းချက်အိုး၊ ကောက်ညှင်းပေါင်းအိုး၊ ရိုးရာအရက်ချက်ပေါင်းအိုး၊ မြေပန်းအိုး၊ မုန့်ပျားသလက်အိုးခင်း၊ မြေသားစုဘူး၊ မြေသားဘုရားပန်းအိုး၊ မြေသားမီးဖို၊ ဆားထည့်အိုးငယ်၊ အိုးပုတ်ချိုးရုပ်များ လုပ်ကိုင်ကြကြောင်း သိရကာ ထန်းတက်ရာသီအမီ ထန်းဆွဲမြူအိုး စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။ **ကိုထိန်**





# ပခုက္ကူမြို့နယ်၌ ပန်းခင်းစီမံချက် လက်ကမ်းစာစောင် ဖြန့်ဝေ

**ပခုက္ကူ ဒီဇင်ဘာ ၂၆**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးပန်းခင်းစီမံချက်ဖြင့် လှုပ်ရှားဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၉ နာရီတွင် ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးစုရပ်အသီးသီးတို့၌ ပန်းခင်းစီမံချက်အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင် အခမဲ့ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

**အခမဲ့ဖြန့်ဝေ**

ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် လုပ်ငန်းအကြောင်းအရာများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက် လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အသုံးဝင်ပုံနှင့် အရေးကြီးပုံများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားကိုင်ဆောင်ထားခြင်းမရှိသူများ ကြုံတွေ့လာနိုင်သည့်အခက်အခဲ၊ ပြဿနာများ၊ ပျောက်ဆုံး၊ ပျက်စီးသူများအတွက် ပြန်လည်ဆောင်ရွက်ပေးသည့်အကြောင်းများနှင့် အိမ်ထောင်စု လူဦးရေစာရင်းပြုလုပ်ရာတွင် လိုအပ်မည့် အချက်အလက်များအကြောင်းတို့ကို ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး စုရပ်သုံးနေရာတို့တွင် လိုက်လံရှင်းလင်းအသိပေးဆောင်ရွက်ကြပြီး ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ပြည်သူလူထု ၂၀၀ ထံ ပန်းခင်းစီမံချက်အသိပညာပေးလက်ကမ်းစာစောင် အခမဲ့ဖြန့်ဝေကြသည်။

မှတ်ပုံတင်၏အသုံးဝင်ပုံ၊ မှတ်ပုံတင်မရှိသူများကို မှတ်ပုံတင်ပြုလုပ်ပေးခြင်း၊ မှတ်ပုံတင်လဲလှယ်ပေးခြင်း၊ မှတ်ပုံတင်ပျက်စီး၊ ပျောက်ဆုံးအိမ်ထောင်စုလူဦးရေစာရင်း မိတ္တူပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုဆိုင်ရာ မွေးဖွားသေဆုံးအိမ်ထောင်စုလူဦးရေ စာရင်းမိတ္တူများ ပြန်လည်ပြုလုပ်ပေးခြင်း၊ ရပ်ကွက်/ကျေးရွာများအရောက်ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ မြို့နယ်ဦးစီးမှူးရုံး၌ နေ့စဉ်ဆောင်ရွက်ပေးနေသည့်အကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးထွန်းက ပြောသည်။ **ဆလိုင်းကိုကီး**

## အိမ်မဲမြို့တွင် ဒီဇင်ဘာလလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်



**အိမ်မဲ ဒီဇင်ဘာ ၂၆**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် နှစ်စဉ် ဒီဇင်ဘာလ လူထု စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးဆောင်မှုဖြင့် ယနေ့ နံနက် ၅ နာရီတွင် ကျင်းပသည်။

အဆိုပါလူထုလမ်းလျှောက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်း မိသားစုများ၊ အသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ခန့်က မြို့အဝင် ဘုရင်နောင်ရုပ်ထုမြို့ပတ် ကွင်းတွင် စုရပ်ပြုလုပ်ပြီး အနော်ရထာ လမ်းမကြီးတစ်လျှောက် စုပေါင်းလမ်းလျှောက်ခဲ့ကာ မြို့မလူငယ်လေ့ကျင့်ရေးဘောလုံးကွင်း (သဲကွင်း) အတွင်း၌ ကိုယ်လက်လှုပ်ရှားကျန်းမာရေးလုပ်ငန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**



## ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်ပွဲများ ပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၆**
၂၀၂၁ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်း လမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် မြောက်ပိုင်း တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ ပြုလုပ်ကြရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူး များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ ကြသည်။

ရှေးဦးစွာ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာများ၌ စုပေါင်း လမ်းလျှောက် ကြသည်။ ထို့နောက် စုရပ်နေရာများ ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုပုံးမြို့၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ ကျင်းပ

**ဟိုပုံး ဒီဇင်ဘာ ၂၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ဟိုပုံးမြို့၌ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲကို အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ဦးဆောင်၍ ယနေ့နံနက် ၅ နာရီခွဲတွင် ကျင်းပသည်။

### စုပေါင်းလမ်းလျှောက်

လူထုလမ်းလျှောက်ပွဲတွင် ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်နှင့်အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် လူငယ်မောင်မယ်များက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမမှ စတင် ထွက်ခွာပြီး ဟိုပုံး-လွိုင်လင် ပြည်ထောင်စုလမ်းမကြီး အတိုင်း၊ အလင်းပွင့်ဓာတ်ဆီဆိုင်အထိ၊ ထိုမှ စုရပ် ဖြစ်သည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ သို့ တစ်ပတ်စုပေါင်းလမ်းလျှောက်ကြပြီး စုပေါင်း ကိုယ်ကာယ သွေးပူလေ့ကျင့်ခန်း အတွဲ(၁-၂) တို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

**ဟိုပုံးခရိုင်(ပြန်/ဆက်)**



**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရန်ကုန်မြို့အခြေစိုက် အနောက်နိုင်ငံများမှသံရုံးအချို့၏ ပူးတွဲကြေညာချက်အား ကန့်ကွက်

**နေပြည်တော် ဒီဇင်ဘာ ၂၆**

ရန်ကုန်မြို့အခြေစိုက် အနောက်နိုင်ငံများမှသံရုံးအချို့သည် ကရင်ပြည်နယ်တွင် ပေါ်ပေါက်နေသည့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၄ ရက်တွင် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်တွင် လုံခြုံရေးတပ်ဖွဲ့များက အရပ်သားပြည်သူများကို တိုက်ခိုက်နေသည့်ကိစ္စနှင့် အခြားစွပ်စွဲချက်များ ဖော်ပြပါရှိကြောင်း သိရှိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆိုပါသံရုံးများသို့ ဒီဇင်ဘာ ၂၆ ရက်တွင် သံတမန်စာပေးပို့ပြီး ၎င်းတို့ကြေညာချက်တွင် ပါရှိသည့်အချက်များသည် စိစစ်အတည်ပြုနိုင်ခြင်းမရှိသည့်သတင်းများကို အခြေခံထားကြောင်း၊ အစိုးရဆန့်ကျင်သူများ၊ အကြမ်းဖက်သမားများနှင့် သောင်းကျန်းသူများထံမှရရှိသည့် သတင်းများဖြစ်ကြောင်း၊ အဆိုပါ အခြေအမြစ်မရှိသည့်သတင်းများနှင့် စွပ်စွဲမှုများကို တစ်ဖက်သတ်ထုတ်လွှင့်မှုများသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၏ ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ သက်ဆိုင်ရာအိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သောကြောင့် ယင်းသို့ မပြုလုပ်ရန် သတိပေးခဲ့ကြောင်းနှင့် အဆိုပါထုတ်ပြန်ကြေညာချက်ကိုလည်း ကန့်ကွက်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

ကြေးမုံ ယနေ့ ဖတ်စရာ

**ဂျပန်နိုင်ငံ၌ နှင်းများထူထပ်စွာကျဆင်းမှုကြောင့် ပြည်တွင်းလေကြောင်းခရီးစဉ် ၁၀၀ ကျော် ဖျက်သိမ်း**

စာမျက်နှာ » ၁၁



**ရသစုံလင် ပြုံးပျော်ရွှင်**

စာမျက်နှာ » ၂၀၊ ၂၁

**ရန်ကုန်မြို့ ရွှေပိတောက်ငါးဈေးကြီးမှ နေ့စဉ်ရေထွက်ကုန်ပိဿာချိန် ငါးသိန်းခန့် ရန်ကုန်မြို့နှင့် နိုင်ငံတစ်ဝန်းသို့ ကုန်စည်စီးဆင်းလျက်ရှိ**

စာမျက်နှာ » ၂၆



ရန်ကုန်-ပုသိမ်နှင့် ရန်ကုန် - ညောင်တုန်းလမ်းဆုံကို ဝေဟင်မှ မြင်တွေ့ရစဉ်။

## ရန်ကုန် - ပုသိမ်လမ်းနှင့် ရန်ကုန် - ညောင်တုန်းလမ်းမကြီးများ အဆင့်မြှင့်တင်

ရန်ကုန် ဒီဇင်ဘာ ၂၆

ကုန်စည်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ ပေါင်းကူးဆက်သွယ်ထားသော ရန်ကုန်-ပုသိမ်လမ်းနှင့် ရန်ကုန် – ညောင်တုန်းလမ်းတို့ကို ရန်ကုန်ပြည်လမ်း အမှတ် (၁) လမ်းကဲ့သို့ ယာဉ်လမ်းအန္တရာယ်လုံခြုံမှုရှိစေရန်နှင့် သန့်ရှင်းသာယာလှပစေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ✪

## မကွေးတိုင်းဒေသကြီး ပေါက်မြို့၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ကျောင်းအား လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး ပေါက်မြို့၌ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုအား မလိုလားသူ ဆူပူအကြမ်းဖက်သူများက အခြေခံပညာ မူလတန်းလွန်ကျောင်းနှစ်ကျောင်းအား လက်လုပ်မိုင်းများအသုံးပြု၍ ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ လက်လုပ်မိုင်းအသုံးပြု၍ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီခွဲခန့်တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့ အောင်တော်မူရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာမူလတန်းလွန်ကျောင်းအား ကျောင်းရှေ့လမ်းပေါ်မှ ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သမားတစ်ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်းအတွင်းရှိ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ သွပ်မိုး၊ အုတ်ခင်း၊ အုတ်ကာကျောင်းဆောင်ရှိ သတ္တမတန်းစာသင်ဆောင်ရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်၏ မျက်နှာကြက် ၁၀ ချပ်နှင့် ပြတင်းတံခါးမှန် အချပ် ၂၀

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

## ဆူဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် ထိုင်းနှင့် အင်ဒိုနီးရှား တွေ့ဆုံ

**ရန်ကုန် ဒီဇင်ဘာ ၂၆**

၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များ ဒီဇင်ဘာ (၂၅၊ ၂၆) ရက်က ပြီးဆုံးသွားပြီး ထိုင်းနှင့် အင်ဒိုနီးရှားအသင်း ဗိုလ်လုပွဲတက်ရောက်သွားသည်။

**ဗိုလ်လုပွဲတက်ရောက်**

ဒုတိယအကျော့တွင် ထိုင်းနှင့် ဗီယက်နမ်အသင်း ဂိုးမရှိသရေကျပြီး အင်ဒိုနီးရှားအသင်းက စင်ကာပူကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ နှစ်ကျော့ပေါင်းရလဒ်အရ ထိုင်းက ဗီယက်နမ်ကို နှစ်ဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားက စင်ကာပူကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ✻